# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၁၅) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

## (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။**]**

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦးရှိတဲ့အနက် ၃၈၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၈၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၆-၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့သို့တက်ရောက်တဲ့ ကိုယ်စားလှယ် များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပ တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးအနက် တက်ရောက်သည့် ဦးရေ ၃၈၁ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၈ ဦးအနက် ၂၅ ဦး ကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၂) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၃ ရက်၊

(၃) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၃ ရက်၊

(၄) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၆ ရက်၊

(၅) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွင့်ရှုခေါင်လွင် ခွင့် ၂ ရက်၊

(၆) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၇) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၈) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၉) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၃ ရက်၊

(၁၀) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၁) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊

(၁၂) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၁၃) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၁၄) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၁ ရက်၊

(၁၅) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၁၆) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၁၇) မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း ခွင့် ၁ ရက်၊

(၁၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၁၉) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၁ ရက်၊

(၂၀) အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် ခွင့် ၁ ရက်၊

(၂၁) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊

(၂၂) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်နှင့်

(၂၃) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

**အင်းလေးကန်သန့်ရှင်းစိမ်းလန်းစိုပြေရေးအတွက် စွန့်ပစ်အမှိုက်များကို Recycle စက်ရုံတည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဦးစွာညောင်ရွှေ မဲဆန္ဒနယ်မှ ဦးဝင်းဆွေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော

ဥည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ အင်းလေးဒေသ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်ရွှေမြို့နယ်အင်းလေးဒေသ သာလေးကျေးရွာအုပ်စု သာလေးရွာ၊ အိုးကုန်းရွာ နှစ်ရွာမှ ရွှေအင်းစား၊ လုခဲလူမှုရေးအဖွဲ့ဖွဲ့စည်းကာ အင်းလေးကန် မတိမ်ကောရေး၊ သန့်ရှင်းသာယာ စိုပြေစိမ်းလန်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စည်းကမ်းတကျ အမှိုက်စွန့်ပစ်မှုစနစ်ဖြင့် အမှိုက်သိမ်းကိစ္စများဆောင်ရွက်နေခြင်း ကိစ္စတစ်ခုလည်း အပါအဝင်ဖြစ်ပါတယ်။ ထို့နည်းတူစွာ ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်းတွင် အခြားလူမှုရေးအဖွဲ့အစည်းများလည်း စနစ်တကျဖွဲ့စည်းကာ အင်းလေးကန်သာယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါသည်။ သာလေးရွာ၊ အိုးကုန်းရွာ နှစ်ရွာအတွင်း၌ ပင်လျှင် ငါးရက်တစ်ကြိမ် သိမ်းဆည်းရာ စွန့်ပစ်အမှိုက်ကုန်ချိန်ပေါင်း ၅၀၀ ပိဿာ ဝန်းကျင်ရှိပါသည်။ ငါးရက်တစ်ကြိမ် အမှိုက်သိမ်းစနစ်ဆောင်ရွက်နေသည်မှာ ငါးလနီးပါးရှိနေခဲ့ပြီး နန်းပန်၊ ဆေးကုန်းမီးသင်္ဂြိုလ် စက်နံဘေးမှာ ခြံဝင်းခတ်ပြီး ခေတ္တယာယီ စုပုံထားရှိပါတယ်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ အမှိုက်များတိုးသထက်တိုးလာကာ (၁) နေရာအခက်အခဲ (၂) ပလပ်စတစ်များကိုလည်း မြေကြီးတွင်းတူးမြှုပ်ခြင်း၊ ရေထဲပြန်လည် စွန့်ပစ်ခြင်း၊ မီးဖြင့်ဖျက်ဆီးခြင်းများမှာ မသင့်တော်သောကိစ္စဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အင်းလေးကန် သန့်ရှင်းစိမ်းလန်းစိုပြေရေးအတွက် အင်းလေးကန် အရှေ့ဘက်ကမ်း၌သော်လည်းကောင်း၊ အနောက်ဘက်ကမ်း၌သော်လည်းကောင်း စွန့်ပစ်အမှိုက်များကို Recycle ပြန်လည်ပြုလုပ်ထုတ်လုပ်ပေးနိုင်ရန် နိုင်ငံတော်ဝန်ကြီးဌာနများမှ Recycle စက်ရုံတစ်ခု တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ သိလိုပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးသိန်းအောင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းဆွေရဲ့ အင်းလေးကန် သန့်ရှင်းစိမ်းလန်းစိုပြေရေးအတွက် အင်းလေးကန် အရှေ့ဘက်၌သော်လည်းကောင်း၊ အနောက်ဘက်၌ သော်လည်းကောင်း၊ စွန့်ပစ်အမှိုက်များကို

Recycle ပြည်လည်ပြုပြင် ထုတ်လုပ်ပေးနိုင်ရန် နိုင်ငံတော်ဝန်ကြီးဌာနများမှ Recycle စက်ရုံတစ်ခု တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ နှင့်ပတ်သက်၍ သိလိုကြောင်း မေးမြန်းလာပါတယ်။ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့ စက်မှုဝန်ကြီးဌာနနှင့် သက်ဆိုင်တဲ့ အချက်များအပေါ် အခြေခံပြီးတော့ အင်းလေးကန် နယ်မြေရဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာမှုကို ထိန်းသိမ်းနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားရန် လိုအပ်ချက်များနှင့် အင်းလေးကန်ဒေသအတွင်း နေ့စဉ်ထွက်ရှိသော အမှိုက်များ ကို အသုံးပြုနိုင်သည့် Recycle စက်ရုံတစ်ရုံတည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိဟူသောအချက် များကို ရှင်းလင်းဖြေကြားသွားပါမည်။

အင်းလေးကန်နယ်မြေရဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာမှုကို ထိန်းသိမ်းရန် အောက်ဖော်ပြပါ အချက် ၆ ချက်ကို ဦးစားပေးဆောင်ရွက်သွားလျက်ရှိပါတယ်။

(က) သစ်တောများ ပြုန်းတီးမှုနှင့် စိုက်ပျိုးနိုင်မှု ဧရိယာကို လျော့လာခြင်း၊

(ခ) စိုက်ပျိုးရေးတွင် ဓာတုဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံ မသုံးစွဲဘဲ ဇီဝဓာတ်မြေသြဇာသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ဂ) အင်းလေးကန်ဒေသအတွင်း အိမ်များ တိုးလာခြင်းကို စိစစ်ဆောင်ရွက်ခြင်း၊

(ဃ) ဟိုတယ်နှင့် စားသောက်ဆိုင်များ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ နှင့် အညစ်အကြေးများ စည်းကမ်းတကျ စွန့်ပစ်ရန် စီမံဆောင်ရွက်ခြင်း၊

(င) Municipal Waste များကို စနစ်တကျ သန့်စင်သည့် စနစ်များဆောင်ရွက်ခြင်း၊

(စ) အင်းလေးကန်အတွင်း ငါးများရှော့ခ်ရိုက်ဖမ်းခြင်းများကြောင့် ငါးမျိုးများ ပြုန်းတီးလာမှုကို ကာကွယ်ထိန်းသိမ်းနိုင်ရန် ပြန်လည်ဖြည့်ဆည်းပေးခြင်း စသည့်အချက်များ ဖြစ်ပါတယ်။

စွန့်ပစ်ပစ္စည်းများမှာ Municipal Waste, Hazardous Waste နှင့် Biological Waste အမျိုးအစားများရှိပြီးတော့ စွန့်ပစ်ပစ္စည်းအားလုံးကို Recycle လုပ်ဆောင်၍ မရနိုင်သောကြောင့် အင်းလေးကန်ဒေသအတွင်း နေ့စဉ်ထွက်ရှိနေတဲ့ အမှိုက်များကို Recycle ပြုလုပ်တဲ့ စက်ရုံ တည်ဆောက်မည်ဆိုပါက ရှေးဦးစွာ Feasibility Study ပြုလုပ်မည် ဖြစ်ပါတယ်။

ဒီ Feasibility Study ပြုလုပ်သကဲ့သို့ပဲ အောက်ဖော်ပြပါ အချက်များပေါ်တွင် မူတည်ပြီး တော့လည်း Recycle စက်ရုံတည်ထောင်နိုင်ရေးအတွက်လည်း စဉ်းစားဆောင်ရွက်သွား မှာဖြစ်ပါ တယ်။

(က) မှန်ကန်သော တည်နေရာအနေအထား (Location) ဖြစ်ရပါမယ်။ လူနေအိမ်များ၊ ယဉ်ကျေးမှု အမွေအနှစ်ဝန်းကျင်ဒေသများနှင့် ဝေးကွာသော သီးသန့်အနေအထား ဖြစ်ရပါမယ်။

(ခ) Recycle စက်ရုံများမှ ထွက်ရှိလာတဲ့ Waste များမှာ Chemicals, Plastics, Biological Waste များ စသည်ဖြင့် မျိုးစုံပါဝင်တဲ့အတွက်ကြောင့် ပတ်ဝန်းကျင် လေထု၊ မြေထုကို ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် မြင့်မားတဲ့ နည်းစနစ်များကိုလည်း အသုံးပြုရန် လိုအပ်မည် ဖြစ်ပါတယ်။

(ဂ) Monitoring အဖွဲ့ဖွဲ့စည်းပြီးတော့လည်း စနစ်တကျစောင့်ကြည့် လေ့လာအကဲခတ် ရန်လည်း လိုအပ်မှာ ဖြစ်ပါတယ်။

(ဃ) Recycle စက်ရုံတည်ထောင် လုပ်ကိုင်သူများဟာ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် ရေးနှင့် ပတ်သက်သော ဗဟုသုတအချက်အလက်များကိုလည်း သိရှိနားလည်ထားပြီး Waste အမျိုးမျိုးကိုအသုံးပြု၍ ဆိုးကျိုးနည်းနိုင်သမျှနည်းအောင် လုပ်ကိုင် ဆောင်ရွက်နိုင်သူများကိုသာ စက်ရုံတည်ထောင်ခွင့်ပြုရမှာ ဖြစ်ပါတယ်။

သို့ပါ၍ အင်းလေးကန် သန့်ရှင်းစိမ်းလန်းစိုပြေရေးအတွက် Recycle စက်ရုံ တည်ထောင်မည် ဆိုပါက နည်းပညာနှင့် ကုန်ကျစရိတ်များရှိတဲ့အတွက်ကြောင့် နေ့စဉ်ထွက်ရှိ လာတဲ့ Waste အမျိုးအစားနှင့် ပမာဏအပြင် Feasibility Study အရ လုပ်ဆောင်ရမည့် အချက်အလက်များစွာ ပါရှိတဲ့အတွက်ကြောင့် အင်းလေးကန်ပတ်ဝန်းကျင်၌ စွန့်ပစ်အမှိုက်များကို အသုံးပြုမည့် Recycle စက်ရုံတစ်ခုတည်ဆောက်ပေးရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မြောက်ဦးမြို့ရှိလေယာဉ်ကွင်းဟောင်းအား ပြန်လည်ပြုပြင်မွမ်းမံ၍ လေယာဉ်ခရီးစဉ်ပြေးဆွဲပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းသာယာရှိကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးရင်း လေးလေးစားစား ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မြောက်ဦးမြို့ရှိလေယာဉ်ကွင်းဟောင်းအား ပြန်လည်ပြုပြင်မွမ်းမံ၍ လေယာဉ်ခရီးစဉ်ပြေးဆွဲ ပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ အကျိုးအကြောင်းအနည်းငယ်တင်ပြလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ လက်ထက်တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့သို့ ၁၉၇၈ ခုနှစ်မှစတင်ကာ ရန်ကုန်-စစ်တွေ-မြောက်ဦး လေယာဉ်ခရီးစဉ်များကို Twin Autor လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲပေးခဲ့ပါတယ်။ ၁၉၈၀ ခုနှစ် နောက်ပိုင်းတွင် လေယာဉ်ပျံသန်းမှုကိုရပ်နားထားခဲ့ရာ ယခုအချိန်အထိဖြစ်ပါတယ်။ မြောက်ဦး ဒေသဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုစည်းတည်ရှိသည့်နေရာဖြစ်သောကြောင့် ကမ္ဘာလှည့်ခရီးသည်များ၊ သုတေသီများ၊ စာတမ်းပြုစုပြီး ပါရဂူဘွဲ့ယူမည့်ပုဂ္ဂိုလ်များ၊ ပြည်တွင်း ခရီးသွားများ အထူးစိတ်ဝင်တစား လာရောက်ကြည့်ရှုလေ့လာကြသော ဒေသလည်းဖြစ်ပါတယ်။ ယခင် လေယာဉ်ပျံသန်းပြေးဆွဲစဉ်က ဒေသဖွံ့ဖြိုးမှုနှေးကွေးနေခြင်း၊ ခရီးသည်အဝင်/အထွက် နည်းပါးခြင်းများရှိခဲ့ပါတယ်။ သို့သော်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ်ပိုမိုလာရောက် လည်ပတ်လျက်ရှိလာခဲ့ပါတယ်။ ယခု အစိုးရသစ်လက်ထက်တွင် ယခင်နှစ်များကထက်ခရီးသည် အဝင်/အထွက်ပိုမိုများလာကြောင်း လေ့လာသိရှိရပါတယ်။ သို့သော် ရေလမ်းနှင့် ကုန်းလမ်းကိုသာ အသုံးပြုရခြင်းကြောင့် အချိန်ကြန့်ကြာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်းများရှိခဲ့၍ လျင်မြန်သောယာဉ်များဖြင့် ခရီးသွားလာလိုသူများရှိလာနေပြီဖြစ်သောကြောင့် ရပ်တန့်ထားတဲ့ လေယာဉ်ခရီးစဉ်ကို မြောက်ဦးမြို့သို့ပြန်လည်ပြေးဆွဲပေးနိုင်လျှင် နိုင်ငံခြားသားများအတွက်သာမက ပြည်တွင်းခရီးသွားများအတွက်ပါ အချိန်ကုန်၊ လူပင်ပန်းခြင်းမှ လွတ်မြောက်နိုင်မည်ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ မြောက်ဦးမြို့အား ခရိုင်မြို့အဆင့်တိုးမြှင့်သတ်မှတ်လိုက်ပြီဖြစ်သဖြင့် မြောက်ဦးမြို့မှာရှိတဲ့ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်အရာရှိကြီးများ၊ စစ်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းများဟာ အစိုးရကိစ္စများဖြင့်လည်းကောင်း၊ လုပ်သားပြည်သူများဟာ ကိုယ်ရေးကိုယ်တာကိစ္စများဖြင့်လည်းကောင်း စစ်တွေ-သံတွဲ-ရန်ကုန်-နေပြည်တော်အထိ အချိန်တိုအတွင်းသွားရောက်နိုင်မည်ဖြစ်ပါတယ်။ ထို့ကြောင့် ယခင်ကအသုံးပြုခဲ့သောလေယာဉ်ကွင်းဟောင်းကို ပြန်လည်မွမ်းမံပြင်ဆင်ပြီးအသုံးပြုလျှင် နိုင်ငံတော်အတွက်ကုန်ကျစရိတ်သက်သာပြီး ပြည်တွင်းပြည်ပခရီးသွားများအဝင်/အထွက်များလာခြင်းဖြင့် နိုင်ငံ့ဘဏ္ဍာပိုမိုရရှိလာမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ အထူးစိတ်ဝင်စားရာမြောက်ဦးမြို့သို့အချိန်တိုအတွင်း လာရောက်လည်ပတ်ဝင်ထွက်နိုင်ရန် မြောက်ဦးမြို့ရှိလေယာဉ်ကွင်းဟောင်းကိုပြန်လည်ပြုပြင်ဆောင်ရွက်ပေးရေးနှင့် လေယာဉ်ခရီးစဉ်များပြန်လည်ပြေးဆွဲပေးရေးကို ဒေသခံများအထူးစောင့်မျှော်လျက်ရှိနေပါသောကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြောက်ဦးမြို့ရှိလေယာဉ်ကွင်းဟောင်းအား ပြန်လည်ပြုပြင်မွမ်းမံ၍ လေယာဉ်ခရီးစဉ်ပြေးဆွဲပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါသောကြောင့် ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျန်းမာကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟန်စိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟန်စိန်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာမေးမြန်းထားတဲ့ မြောက်ဦးမြို့ရှိလေယာဉ်ကွင်းအဟောင်းအား ပြန်လည်ပြုပြင်မွမ်းမံ၍လေယာဉ်ခရီးစဉ်ပြေးဆွဲပေးရန်အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော်မှပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပိုင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့မှာတည်ရှိတဲ့မြောက်ဦးလေယာဉ်ကွင်းဟာ လေယာဉ်ပြေးလမ်းအလျား ၂၅၀၀

ပေ၊ အကျယ် ၁၀၀ ပေ၊ ပြေးလမ်းဦးတည်ရပ် ၀၁၀ ဒီဂရီ/ ၁၉၀ ဒီဂရီဖြစ်ပြီးတော့ ပြေးလမ်းအမျိုးအစားမှာ မြေကြီးကွင်းအမျိုးအစားဖြစ်ပါတယ်။ ၁၉၇၈ ခုနှစ်မှာ တွင်အော်တာလေယာဉ်များ ပျံသန်းပြေးဆွဲခဲ့ပြီးတော့ နှစ် ၃၀ ကျော်ကြာရပ်တန့်ထားမှုကြောင့် လေယာဉ်ကွင်းမှာ အသုံးပြုနိုင်တဲ့ အခြေအနေမရှိတော့ကြောင်းတွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ စစ်တွေလေယာဉ်ကွင်း၊ ကျောက်ဖြူလေယာဉ်ကွင်း၊ သံတွဲလေယာဉ်ကွင်း၊ အမ်းလေယာဉ်ကွင်းများတွင် လေကြောင်းလိုင်းများဖြစ်တဲ့ မြန်မာ့လေကြောင်း၊ Yangon Airways၊ Air Mandalay၊ Air KBZ၊ Air Bagan၊ Asia Wings စတဲ့လေယာဉ်တွေနေ့စဉ်ပြေးဆွဲပျံသန်းလျက်ရှိပါတယ်။ ဒီလေယာဉ်ကွင်း ၄ ကွင်းအနက် စစ်တွေလေယာဉ်ကွင်းဟာ မြောက်ဦးမြို့နဲ့အနီးဆုံးဖြစ်ပြီးတော့ မိုင် ၄၀ ခန့်သာ ကွာဝေးပါတယ်။ စစ်တွေလေယာဉ်ကွင်းကို အလေးဝန်ပိုမိုများပြားတဲ့လေယာဉ်ကြီးတွေအတက်/အဆင်း အသုံးပြုနိုင်ဖို့ အတွက် လက်ရှိလေယာဉ်ပြေးလမ်း အလျား ၆၀၀၀ ပေ၊ အကျယ် ၁၅၀ ပေကို အလျား ၈၅၀၀ ပေ၊ အကျယ် ၁၅၀ ပေရရှိဖို့အတွက် အလျား ၂၅၀၀ ပေထပ်မံတိုးချဲ့ဖို့ဆောင်ရွက်နေပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အခုလက်ရှိလေယာဉ်ပြေးလမ်း ပေ ၆၀၀၀ ကနေပြီးတော့ မြောက်ဘက်ကို ၁၅၀၀ ပေထပ်ချဲ့ပြီးတော့ ကွန်ကရစ်တိုးချဲ့ခင်းတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားဖို့ ရန်ပုံငွေတင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ မြောက်ဦးမြို့သို့ စစ်တွေလေယာဉ်ကွင်းမှတစ်ဆင့် ကုန်းလမ်းခရီး၊ ရေလမ်းခရီးတို့ဖြင့်သွားလာပါက လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ခက်ခဲမှုမရှိဘဲ သွားလာနိုင်တဲ့ဒေသဖြစ်ပါတယ်။ လက်ရှိ ပြည်တွင်းလေကြောင်းပို့ဆောင်ရေးမှာ ပြေးဆွဲပျံသန်းလျက်ရှိတဲ့ လေယာဉ်တွေရဲ့ပြေးလမ်းလိုအပ်ချက်ကလည်း အနည်းဆုံးပေ ၅၀၀၀ လိုအပ်လျက်ရှိပါတယ်။ မြောက်ဦးလေယာဉ်ကွင်းဟာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှာ ကျရောက်နေပြီးတော့ ထပ်မံတိုးချဲ့ဖို့အခက်အခဲများစွာရှိတဲ့အပြင် ကုန်ကျစရိတ်လည်း လွန်စွာများပြားမှာဖြစ်တဲ့အတွက် ကြောင့်မို့ လက်ရှိအခြေအနေမှာ မြောက်ဦးလေယာဉ်ကွင်းဟောင်းအား ပြန်လည်ပြုပြင်နိုင်မည့် အခြေအနေမရှိပါကြောင်းနှင့် လေယာဉ်ခရီးစဉ်ပြေးဆွဲပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြေပုံ-ကံသာ-ကပိုင်လမ်းနှင့် ယင်းလမ်းပိုင်းရှိ ပေ ၁၈၀ အထက် တံတား ၂ စင်း တည်ဆောက်ခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)။** ။ ကြွရောက်လာကြတဲ့ လူကြီးမင်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မြေပုံမြို့နယ်ဟာ ကျွန်းဆွယ်တွေနဲ့ ဖွဲ့စည်းထားပြီးတော့ ကျွန်းတစ်ကျွန်း၊ ရွာတစ်ရွာဆိုသလိုပဲ လမ်းပန်းဆက်သွယ်ရေးဟာ အလွန်ခက်ခဲတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ မြေပုံမြို့ဟာဆိုရင်လည်းပဲ ကြက်ဆင်ကျွန်းရဲ့တောင်ဘက်စွန်းမှာ တည်ရှိပြီးတော့ အနီးဆုံးဖြစ်တဲ့ မင်းပြားမြို့နယ်နဲ့တောင်မှ ကားလမ်းအဆက်အသွယ်မရှိပါဘူး။ အဲ့ဒီလို လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် ကုန်စည်စီးဆင်းမှုနှေးကွေးပြီးတော့ ဒေသရဲ့ စားဝတ်နေရေးဟာလည်း အလွန်ကြပ်တည်းတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြို့နယ်ကို တချို့က မြေပုံမှာ ကားလမ်းအဆက်အသွယ်မရှိတဲ့မြို့ဟာ မြေပုံမြို့ပဲလို့ ပြောကြပါတယ်။ အဲလို အဘက်ဘက်က နိမ့်ကျနေတဲ့ အထဲမှာ ၂၀၁၂ ဂီရိမုန်တိုင်းဒဏ်ကြောင့် မြေပုံမြို့ရဲ့ ပြည်သူတွေရဲ့ စားဝတ်နေရေးဟာ အခုထက်ထိ နလန်မထူအောင်ဖြစ်ကြရပါတယ်။ ဒါပေမယ့် ၂၀၁၁ ခုနှစ်မှာ နိုင်ငံတော်အစိုးရသစ်တက်လာပြီးတော့ ကျွန်တော်တို့ မြေပုံမြို့နယ်နှင့် ပတ်သက်ပြီးတော့ နိုင်ငံတော်အထူးစီမံကိန်းများ အကောင်အထည် ဖော်ရေးအဖွဲ့အစည်းကနေပြီး မြေပုံမြို့နယ်နှင့်ပတ်သက်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ စီမံချက်နှစ်ခုကို အတည်ပြုခဲ့တာ တွေ့ရပါတယ်။ အဲ့ဒီအစည်းအဝေးကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်ပြီးမိန့်ခွန်းပြောခဲ့ပါတယ်ခင်ဗျား။ အဲဒီအစည်းအဝေးကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဒုတိယဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ အထူးစီမံကိန်း ၁၉ ခုကို စာလုံးမဲကြီးတွေနဲ့ အထင်အရှားပြသခဲ့တဲ့အတွက် ဒီသတင်းကို ကြားရတော့ ကျွန်တော်တို့ မြို့နယ်က ပြည်သူတွေဟာ တော်တော်ကို ဝမ်းသာပီတိဖြစ်ကြရပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ခဲ့ရပါတယ်။ အဲဒီလမ်းနှစ်ခုကတော့ (၁) မြေပုံ-ကံသာ-ကပိုင်လမ်း ဖောက်လုပ်ခြင်းနှင့် (၂) မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ ပေ ၁၈၀ အထက်တံတားနှစ်စင်းတည်ဆောက်ခြင်း စီမံကိန်းနှစ်ခုဖြစ်ပါတယ်။ အဲ့ဒါကို အထူးစီမံကိန်းအဖွဲ့က အကောင်အထည်ဖော်ပေးတဲ့အတွက် ကျွန်တော်တို့ အလွန်ပဲ အားရဝမ်းသာလည်းဖြစ်တယ်။ မျှော်လင့်လည်း မျှော်လင့်ခဲ့တယ်။ အဲ့ဒီလို ဖြစ်တဲ့အချိန်မှာ ၂၃-၄-၂၀၁၁ အဲဒီ

သတင်းစာမှာလည်း စာလုံးမဲကြီးတွေနဲ့ အထင်အရှားဖော်ပြထားပါတယ်။ အဲ့ဒီလမ်းနှင့်ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ် ပင်လယ်ကမ်းနားမြို့ဖြစ်သည့် မြေပုံမြို့မှ ရန်ကုန်-စစ်တွေကားလမ်းနှင့် ဆက်စပ်၍ ဒေသအသီးသီးသို့ သွားလာနိုင်ရန် ရည်ရွယ်လျက် မြေပုံ-ကံသာ-ကပိုင်လမ်းကို ကတ္တရာလမ်းသစ်အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် လမ်းအရှည် ၁၂ မိုင် ၄ ဖာလုံရှိပြီး ပေ ၁၅ဝ အကျယ်ရှိတဲ့ ပဲကောက်ချောင်းတံတား၊ ပေ ၁ဝ၈ဝ အကျယ်ရှိတဲ့ ပြွန်ရှည်ချောင်းတံတား၊ ပေ ၂၃၇၂ ပေ အကျယ်ရှိတဲ့ ကျောင်းဂမော်မြစ်ကူးတံတား အဲ့ဒီတံတားတွေကို သံကူကွန်ကရစ် နှစ်ထပ်လမ်းအဖြစ်၊ သံပေါင်နှစ်လမ်းသွားအဖြစ် အခိုင်အမာတည်ဆောက်ပေးသွားမှာ ဖြစ်တယ်လို့ သတင်းစာမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ၂ဝ၁၂-၂ဝ၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်တင်ပြခြင်းဆိုတဲ့စာအုပ် စာမျက်နှာ ၉ မှာ အမှတ်စဉ် ၁၆ မြေပုံ-ကံသာ-ကံပိုင်လမ်း ခန့်မှန်းတန်ဖိုး သန်း ၂ဝဝဝ ဟု ဖော်ပြထားရှိပြီးတော့ ၁ဝဝ ရာခိုင်နှုန်း လွှတ်တော်က ဖြတ်တောက်တယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။ ဒီလိုအထူးစီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့က အတည်ပြုထားတဲ့ မြေပုံမြို့နယ်အတွက်လည်း တကယ်တမ်းလိုအပ်နေတဲ့ အထီးကျန်ဆန်ပြီး ထွက်ပေါက်မရှိတဲ့ဒေသကို မျှော်လင့်နေတဲ့ ဒီလမ်းကိုမှ ရွေးပြီးတော့ လွှတ်တော်က ၁ဝဝ ရာခိုင်နှုန်းဖြတ်တောက်တယ်ဆိုတာ အလွန်ဝမ်းနည်းစရာ ကောင်းပါတယ်။ လွှတ်တော်က ဖြတ်တောက်တယ်ဆိုရာမှာလည်း ကျွန်တော်တို့က လွှတ်တော်ဘတ်ဂျက်ကတော့ အကောင်အကြီးတွေကို ပစ်တာပါ။ ဘယ်လိုလုပ်ပြီးတော့ နှံပြည်စုတ်ငှက်ကို သွားမှန်သလဲတော့ မပြောတတ်ပါဘူး။ သိပ်ပြီးတော့ စိတ်ဆင်းရဲရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒါကြောင့် ကျွန်တော် မေးလိုတာကတော့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်အတွင်းရှိ နိုင်ငံတော်၏ အထူးစီမံကိန်း လမ်းတစ်ခုဖြစ်တဲ့ မြေပုံ-ကံသာ-ကပိုင်လမ်းအား ဆက်လက်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆက်လက်ဆောင်ရွက်ပါမည်နည်း။ စီမံကိန်းရပ်စဲသည်ဆိုပါက မည်သည့်အတွက်ကြောင့် ရပ်စဲပါသနည်း။ အခြားမြို့နယ်နှင့်ကုန်းလမ်းဆက်သွယ်ရေး ပြတ်တောက်လျက်ရှိသော မြေပုံမြို့အား လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလာအောင် နိုင်ငံတော်က မည်သို့ကူညီဆောင်ရွက်ပါမည်နည်းသိလိုပါသည်ဆိုပြီးတော့ ၉-၁-၂ဝ၁၃ ရက်နေ့က မေးခွန်းလွှာ တင်သွင်းခဲ့ပါတယ်။ အခုတင်ပြခဲ့တာတွေကလည်း ဒီ ၂ဝ၁၂-၂ဝ၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း

အပေါ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်တင်ပြခြင်းမှာပါတဲ့ မြေပုံ-ကံသာ-ကပိုင်လမ်းအား လွှတ်တော်က ၁၀၀ ရာခိုင်နှုန်းဖြတ်တောက်ဆိုတဲ့အပေါ်မှာ အခြေခံပြီး ဆွေးနွေးခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းလွှာ တင်သွင်းပြီးနောက်တစ်နေ့ ၁၀-၁-၂၀၁၃ မှာ ပဉ္စမကာလတို ၅ နှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်၊ ၂၀၁၃-၂၀၁၄ အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်မူကြမ်းတွေကို လွှတ်တော်ကိုယ်စားလှယ်များ လက်ထဲသို့ ဖြန့်ဝေခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တည်ဆောက်ရေးငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက်စာမျက်နှာ ၄၉ မှာ မြေပုံ-ကံသာ-ကပိုင်လမ်းအတွက် သန်း ၅၀၀ အဆိုပြုထားပြီး သန်း ၁၀၀ ကိုပဲ ခွင့်ပြုခဲ့တာကို တွေ့ရပါတယ်။ မြေသားလမ်း ၄ ဖာလုံအတွက်လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။ မြေသားလမ်း ၄ ဖာလုံ အထူးစီမံကိန်း ဒီအတိုင်းဆိုရင် တစ်မိုင်ကို ၂ နှစ်၊ ၁၂ မိုင် ၄ ဖာလုံ ဆိုတော့ ၂၅ နှစ် ကျော်ကြာခင်းမယ်၊ ကတ္တရာခင်းမယ် အဲ့ဒီလိုဆိုရင်တော့ ဒီလမ်းက ကျွန်တော်တို့ တစ်သက်ကားတွေစီးရမှာ မဟုတ်တော့ပါဘူး။ ဘာနှင့်တူသလဲဆိုတော့ တကယ်တမ်းလိုအပ်နေတဲ့ နေရာမှာ ဒီလောက်အရေးကြီးတဲ့ မြို့နှင့်အဆက်အသွယ်ပြတ်နေတဲ့ မြို့နယ်တစ်ခုကို ဒီလို ၄ ဖာလုံ အထူးစီမံကိန်းကြီးလုပ်ခြင်းအားဖြင့် ကင်ဆာရောဂါဖြစ်နေတဲ့လူကို ကွမ်းရွက်ပြုတ်ရေနှင့် ဆားခတ်တိုက်သလို ဖြစ်နေပါတယ်။ ဒါပေမယ့် ပဉ္စမကာလတို ၅ နှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်မူကြမ်းမှာ နောက်ဆက်တွဲ စာမျက်နှာ ၃၉၉ မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြွန်ရှည်တံတားအတွက် သန်း ၃၂၄၀ ၊ ပဲကောက်ချောင်းတံတား သန်း ၂၅၅၀၊ ကျောင်းဂမော်တံတားအတွက် သန်း ၈၃၂ သန်းတို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ လျာထားရေးဆွဲထားတာကို တွေ့ရ၍ မျက်ရည်လည်မတတ်ဝမ်းသာမိပါတယ်။ ဝန်ကြီးဌာနကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ဒါပေမယ့် လျာထားချက်မူကြမ်းဖြစ်လို့ ၁၀၀ ရာခိုင်နှုန်းနဲ့တွေ့မှာကိုလည်း စိုးပါတယ်။ ဆန်ကာတင်စာရင်းမှာ ပါနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝမ်းသာလိုက်၊ ဝမ်းနည်းလိုက်ဖြစ်နေတဲ့ ဒီမြေပုံ-ကံသာ-ကပိုင်လမ်းနှင့် ပတ်သက်လို့ အခြေအနေအပြောင်းအလဲအရ မေးခွန်းကို အနည်းငယ်ပြောင်းလဲပြီးတော့ မေးလိုပါတယ်။ နိုင်ငံတော်အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြေပုံ-ကံသာ-ကပိုင်လမ်းအား မည်သည့်ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမှ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မေးမြန်းတဲ့ မြေပုံ-ကံသာ-ကပိုင်လမ်းနှင့် ၎င်းလမ်း ပိုင်းမှာရှိတဲ့ ပေ ၁၈ဝ အထက်တံတားနှစ်စင်းတည်ဆောက်ခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းမှာရှိတဲ့ မြေပုံ-ကံသာ-ကပိုင်လမ်းဟာ ၁၂ မိုင် ၄ ဖာလုံ ရှည်လျားပါတယ်။ ဒီအဆို ပါလမ်းမှာ ကံသာရွာမှ မြေပုံမြို့အထိ ၃ မိုင် ၆ ဖာလုံမှာ မြေပုံ-မင်းပြားလမ်းမှာ ပါဝင်ပြီးတော့ ကံသာ-ကပိုင်အပိုင်းဟာ ၈ မိုင် ၆ ဖာလုံရှိပါတယ်။ ဒီလမ်းပိုင်းကို မြေပုံမြို့မှ ရန်ကုန်-စစ်တွေလမ်းသို့ သွား ရောက်ရာတွင် မင်းပြားမြို့ကို မပတ်ဘဲနှင့် အနီးဆုံးအနေနဲ့ ရောက်ရှိနိုင်အောင် ရည်ရွယ်ပြီး ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ မြေပုံ-ကံသာ-ကပိုင်လမ်းဟာ ၂ဝ၁၁-၂ဝ၁၂ ဘဏ္ဍာရေးနှစ်မှာ မြေသား တာပေါင်ဆောင်ရွက်ရန် ကျပ် ၄၅၅.၂၅ သန်း ခွဲဝေရရှိခဲ့ပြီးတော့ ကပိုင်ကနေပြီးတော့ ၂ မိုင် ၂ ဖာလုံ ကို ၃၄ ပေ အကျယ်မြေသားတာပေါင်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။ ၂ဝ၁၂-၂ဝ၁၃ ဘဏ္ဍာရေးနှစ်မှာတော့ လမ်းဟောင်းများ ကောင်းမွန်ရေးကို ဆောင်ရွက်ခဲ့တဲ့အတွက် ငွေလုံး ငွေရင်းရန်ပုံငွေမရရှိခဲ့ပါဘူး။ ၂ဝ၁၃-၂ဝ၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၁ဝဝ တင်ပြထားပြီးတော့ လမ်းတံတားတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တောင်းခံ ထားပါတယ်။ မြေပုံ-ကံသာ-ကပိုင်လမ်းဟာ ကတ္တရာလမ်းအဆင့်အထိ ဆောင်ရွက်မယ်ဆိုရင် ခန့်မှန်း ကုန်ကျငွေကျပ် ၄၃၉၅ သန်းလောက် ကုန်ကျမှာ ဖြစ်ပါတယ်။ ဒီလိုပါပဲ အဆိုပါလမ်းပေါ်မှာ ရှိနေတဲ့ ရေပြွန်ခန့်မှန်းခြေ ၁ဝဝ လောက်ရှိပြီးတော့ အဓိကကျတဲ့ ပေ ၁၈ဝ အောက်တံတားနှစ်စင်းနဲ့ ပေ ၁၈ဝ အထက် တံတားနှစ်စင်း ပြွန်ရှည်ချောင်းတံတား ၁ဝ၈ဝ ပေ၊ ကျောင်းဂမော်တံတား ၂၃၂၇ ပေကို တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ရေပြွန်နှင့်တံတားများ တည်ဆောက်မှုအတွက် ခန့်မှန်းကုန်ကျငွေ ကျပ် ၁၆ဝဝဝ သန်းခန့်ကုန်ကျနိုင်ပါတယ်။ အဆိုပါလမ်းပိုင်းအား လမ်းတံတားအဆင့်မြှင့်တင်ခြင်း လုပ်ငန်း များဆောင်ရွက်သွားရန် ၅ နှစ်စီမံကိန်းမှာတော့ ထည့်သွင်းလျာထား ထားပါတယ်။ ရခိုင်ပြည်နယ်

စစ်တွေခရိုင်မှာရှိတဲ့ ပင်လယ်ကမ်းနားမြို့ဖြစ်တဲ့ မြေပုံမြို့ဟာ ရခိုင်ပြည်နယ်အတွင်း လမ်းကွန်ရက်များနှင့် ကားလမ်းဆက်စပ်မှုရှိတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ မြေပုံ-မင်းပြားလမ်းဟာ လမ်းအရှည် ၂၄ မိုင် ၇ ဖာလုံရှိပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သန်း ၄၀၀ ဖြင့် ကျောက်ချောလမ်းခင်းခြင်း ၈ မိုင်၊ ကျောက်စီကမ်းကပ်ခုံနှင့် သစ်သားတံတား ၁၇ စင်း၊ မြေသား တာပေါင် ၁ မိုင်တို့ကို တိုးချဲ့ဆောင်ရွက်ပြီး ရာသီမရွေးသွားလာနိုင်တဲ့အဆင့်ကို ရောက်ရှိအောင် ဆောင်ရွက်ထားပါတယ်။ ဒါကြောင့်မို့လို့ မြေပုံမြို့မှ မင်းပြားမြို့၊ မင်းပြားမြို့မှ ရခိုင်ပြည်နယ်အနှံ့သို့ လည်းကောင်း၊ နိုင်ငံတစ်ဝန်းသို့လည်းကောင်း ခရီးလမ်းချောမွေ့စွာ သွားလာနိုင်တဲ့ အနေအထားမှာ ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပုံ-ကံသာ-ကပိုင်လမ်းဟာ လမ်းသစ်ဖြစ်တဲ့အတွက် တံတားကြီးများလည်း တည်ဆောက်ရန်ပါဝင်နေတဲ့အတွက် နိုင်ငံတော်ရဲ့ ရန်ပုံငွေလျာထားမှု အခြေအနေအရ ရန်ပုံငွေတင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဦးဖေသန်း (မြေပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်အားတစ်ဆက်တစ်စပ် ဖြေရှင်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ဝန်ကြီးပြောသွားတဲ့ အထဲမှာ မြေပုံ-မင်းပြားလမ်းပြီးနေတယ်လို့ အကြောင်းပြချက် တစ်ခုပါပါတယ်ခင်ဗျား။ မြေပုံ-မင်းပြားလမ်း ပြီး၊ မပြီးကိုတော့ ကျွန်တော်တို့အသိဆုံးပါ။ ဆိုင်ကယ်နှင့်သွားတာတောင်မှလမ်းမှာ တံတားတွေ ကျိုးလို့၊ မြစ်ကိုမကူးနိုင်လို့၊ လမ်းကကြမ်းလို့ မိုင် ၂၀ ခရီးကို သုံးနာရီကျော်ကျော်သွားရပါတယ်။ ကား ဆိုတာ တစ်စီးမှမရှိပါဘူးခင်ဗျား။ ထွေလာဂျီဆိုတာလဲ ကံသာနဲ့ မြေပုံကို မောင်းနေတဲ့ တစ်စီးနှစ်စီး လောက်ပဲရှိပါတယ်။ ဒါကြောင့်ဝန်ကြီးရဲ့ မင်းပြား-မြေပုံကားလမ်းဟာ သွားလို့ရနေပြီဆိုတဲ့ အနေ အထားဟာ လုံးဝမဟုတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ ဒုတိယတစ်ချက် က ကျွန်တော်မေးမြန်းတဲ့အထဲမှာ ဒီလမ်းကိုဘယ်တော့ ပြီးနိုင်မယ်ဆိုတဲ့ ဝန်ကြီးဆီက ထင်မြင်ချက်ကို အနည်းဆုံးပေးသင့်ပါတယ်။ ခုနှစ်ကို ကျွန်တော်အတိအကျမပြောလိုပါဘူး။ ကျွန်တော် ရဲ့လိုလားချက် က ဒီလိုမရေမရာမသေချာတဲ့ အဖြေမျိုးမဖြစ်ဖို့ အနီးဆုံးခန့်မှန်းပြီးတော့ ဘယ်နှစ်ခုနှစ်လောက်မှာ ပြီးနိုင်မယ်ဆိုတာလေးသိချင်ပါတယ်ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ရိုသေလေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားပေးပါ့မယ်။ ကျွန်တော်တို့ရဲ့ဆောင်ရွက်မှုအနေအထားအရ သက်ဆိုင်ရာ တိုင်းအင်ဂျင်နီယာများကိုမေးမြန်းပြီးတဲ့အခါမှာ စောစောကပြောတဲ့ မင်းပြားနှင့်မြေပုံလမ်းဟာ သွားလို့ရတယ်ဆိုတဲ့ အနေအထားမျိုး ကျွန်တော်တို့သိရှိရပါတယ်။ စောစောကလို ကိုယ်စားလှယ် တော်ကြီးပြောတဲ့အတိုင်း သွားမရဘူးဆိုရင်တော့ ဆက်လက်ပြီးတော့သွားရအောင် လုပ်ပေးမယ် ဆိုတာကို ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ဒီနှစ်ထဲမှာ ဒီဟာနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီး ရန်ပုံငွေကျပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော် အမြန်ဆုံးလွှတ်ပြီးတော့ ဒီအခြေအနေ တွေကို မေးမြန်းပြီးပြန်လည်တင်ပြပါမယ်။ နောက်တစ်ခုကတော့ ဘယ်နှစ်မှာပြီးမလဲဆိုတဲ့ဟာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ကနေပြီးတော့ ကျွန်တော်တို့ ငွေတွေ တင်ပြတိုင်း ရတာမဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့လိုအပ်ချက်ပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ တစ်ခါတလေမှာ ရန်ပုံငွေကို ဒီနှစ်မှာဆိုရင် ၃ ကြိမ်၊ ၄ ကြိမ်လောက် ပြန်လည်ပြီးပြုပြင်ရပါတယ်။ မူလ ပေးထားတဲ့ငွေနဲ့မရဘူး။ ကျွန်တော်တို့ GDP အရမကိုက်ဘူး။ ကျွန်တော်တို့ ရန်ပုံငွေတွေအကြောင်း လို့ဆိုတာ ပြန်လည်လျှော့ပါဆိုတဲ့ ကျွန်တော်တို့က ဒီတင်ထားတဲ့လုပ်ငန်းတွေအားလုံးထဲကလည်း တချို့လုပ်ငန်းတွေကို ဦးစားပေးအနေအထားအရ ပြန်လျှော့ရတာရှိပါတယ်။ အဲဒီတော့ ဒီအပေါ်မှာ မူတည်ပြီးတော့ ဒီ မြေပုံ-ကံသာ-ကပိုင်လမ်းဟာလည်းပါသွားတဲ့အနေအထားရှိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တစ်ဖက်ကလည်း ကျွန်တော်တို့မှာ လမ်းဟောင်းတွေအများကြီးရှိပါတယ်။ လမ်းဟောင်းတွေ ကိုကောင်းအောင် ပြုလုပ်တာလည်း ကျွန်တော်တို့ရဲ့တာဝန်ဖြစ်သလို့ လမ်းသစ်တွေကိုလည်း ကျွန်တော်တို့ ဆောက်လုပ်ဖို့တာဝန်တွေရှိပါတယ်။ စောစောက စီမံကိန်းမှာ ခွင့်ပြုခဲ့ပြီးဖြစ်ပေမယ့် ရန်ပုံငွေတွေအနေအထားအရ ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ နိုင်ငံတော်က ခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်တို့ ဒီ ၅ နှစ်စီမံကိန်းမှာ ထပ်မံပြီးတော့ ရန်ပုံငွေများတောင်းခံပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အားလုံးက ကျွန်တော်တို့ ခွင့်ပြုတဲ့ ရန်ပုံငွေပေါ်မှာမူတည်ပါတယ်။ ကျွန်တော်တို့ကတော့ ရန်ပုံငွေထည့်သွင်းတင်ပြတောင်းခံသွားပါမယ် လို့ ပြန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမေးခွန်းပေါ်ဖြေကြားချက်နှင့် ဆက်စပ်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကို အနည်းငယ်တင်ပြလိုပါတယ်။ ပထမတစ်ချက်က ဥပဒေပြုရေးအပိုင်းဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်များဟာ ဥပဒေပြုရေးကို အဓိကတာဝန်ယူ

ဆောင်ရွက်ရတဲ့ အဖွဲ့အစည်းများဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုအစိုးရကသာ တင်သွင်းခွင့်ရှိသော ဥပဒေကြမ်း ၃ မျိုးရှိပါတယ်။ ဒါတွေကတော့ စီမံကိန်းဥပဒေကြမ်း၊ ရသုံးငွေ သို့မဟုတ် ဘတ်ဂျက်ဥပဒေကြမ်းနဲ့ အခွန်ဆိုင်ရာဥပဒေကြမ်းများကို ပြည်ထောင်စုအစိုးရကသာ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိပါတယ်။ အဲဒီလို တင်သွင်းလာတဲ့အခါမှာ ပြည်ထောင်စု လွှတ်တော်မှာပါဝင်ကြတဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းလာတဲ့ ဥပဒေကြမ်း များအပေါ် ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများပြုလုပ်ကြရပါတယ်။ ဒီနေ့ ဒီကာလဟာ ပြည်ထောင်စုအစိုးရက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် စီမံကိန်း၊ ရသုံးမှန်းခြေ (ဘတ်ဂျက်)နဲ့ အခွန်ဥပဒေကြမ်းများကို တင်သွင်းထားရှိပြီးဖြစ်ပါတယ်။ ဒီလိုတင်သွင်းထားချက်အပေါ် ပြည်ထောင်စု လွှတ်တော်မှာပါဝင်ကြတဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ရတဲ့ဆောင်ရွက်နေတဲ့ကာလလည်းဖြစ်ပါတယ်။ တစ်ခါ ဥပဒေကြမ်း များကို ပြည်ထောင်စုအစိုးရ သို့မဟုတ်လို့ရှိရင် ပြည်ထောင်စုအဖွဲ့အစည်းအသီးသီးက တင်ပြခွင့်ရှိ သလို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ဥပဒေကြမ်းများကို တင်ပြခွင့်ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ တင်ပြခွင့်ရှိတဲ့ ဥပဒေကြမ်းများကတော့ ပြီးခဲ့တဲ့အချိန်က ကျွန်တော်တင်ပြ တဲ့ ပြည်ထောင်စုအစိုးရကသာ တင်သွင်းနိုင်သော ဥပဒေကြမ်းများမှလွဲ၍ ကျန်သော ဥပဒေကြမ်းများ တင်သွင်းခွင့်ရှိပါတယ်။ အဲဒီလိုတင်သွင်းလာတဲ့ ဥပဒေကြမ်းတွေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ဆိုရင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အသီးသီးက တင်ပြလာတဲ့ဥပဒေကြမ်းများအပေါ် ဆွေးနွေးခြင်း၊ အကြံပြု ခြင်း၊ ဆုံးဖြတ်ခြင်းများ ပြုလုပ်နိုင်တာဖြစ်ပါတယ်။

ဒါကြောင့် ခုနက ဦးဖေသန်းတင်ပြတဲ့ လွှတ်တော်က ငွေကြေးများဖြတ်တောက်ခြင်းဆိုတဲ့ ကိစ္စဟာ ပြည်သူ့လွှတ်တော်မှာဆောင်ရွက်တဲ့ ကိစ္စမဟုတ်ပါဘူး။ ပြည်ထောင်စုလွှတ်တော်မှာ ဆောင်ရွက်တဲ့ကိစ္စဖြစ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့နေရာမှာလည်း တင်ပြလာတဲ့ ဥပဒေကြမ်း အထူးသဖြင့်တော့ စီမံကိန်းဥပဒေကြမ်းပေါ်မူတည်ပြီးတော့ ဒီစီမံကိန်းဟာ ဆောင်ရွက်သင့်၊ မဆောင်ရွက်သင့်၊ ရပ်ဆိုင်းသင့်၊ ရွှေ့ဆိုင်းသင့်ဆိုတဲ့ဟာကိုတော့ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေး ပြီးတော့ အဲဒီရဲ့ရရှိလာတဲ့ ဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ ဖြတ်တောက်ခြင်း သို့မဟုတ်ရင် ရွှေ့ဆိုင်း ခြင်း သို့မဟုတ်ရင် ဆိုင်းငံ့ခြင်းများ ပြုကြတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးဖေသန်းတင်ပြတဲ့ လွှတ်တော်မှ ဖြတ်တောက်ခြင်းဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်ရဲ့ အဆုံးအဖြတ်ပဲဖြစ်ပါတယ်။

ဒီနေ့ဒီကာလမှာ ပြည်ထောင်စုလွှတ်တော်ကို စီမံကိန်းဥပဒေကြမ်းများတင်သွင်းထားတဲ့အချိန်ဖြစ်တဲ့အတွက် မိမိတို့ လွှတ်တော်မှာ တင်ပြဆွေးနွေးထားတဲ့ကိစ္စများကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများက ဆောင်ရွက်ပေးပါမယ်ဆိုတဲ့ ကတိကဝတ်များကို သက်ဆိုင်ရာကတိကဝတ်ကော်မတီက မှတ်တမ်းထားရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလို တင်ပြလာတဲ့စီမံကိန်းများမှာ မိမိတို့တင်ပြခဲ့တဲ့နေရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်များက ကတိကဝတ်ပေးထားတယ်ဆိုရင် မပါဘူးဆိုလို့ရှိရင် ပါအောင် သက်ဆိုင်ရာကော်မတီများမှာပြန်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ဖို့ အခွင့်အလမ်းတွေလည်းပေးထားပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြထားတဲ့ စီမံကိန်းဘတ်ဂျက် အခွင့်ဥပဒေများဟာ နိုင်ငံတော်အတွက်အရေးကြီးသလို ကျွန်တော်တို့လွှတ်တော်အတွက်လည်း အရေးကြီးတဲ့ကိစ္စများဖြစ်တဲ့အတွက် တင်ပြလာတဲ့ ဥပဒေကြမ်းများကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက သေသေချာချာ လေ့လာပြီးတော့ ကော်မတီနဲ့ဆိုင်တဲ့ကိစ္စတွေကို သက်ဆိုင်ရာ ကော်မတီတွေက ကော်မတီအပြင်ကျန်တဲ့ သက်ဆိုင်တဲ့ပုဂ္ဂိုလ်များကလည်း မိမိတို့ဒေသမှာရှိတဲ့ ပြည်သူလူထုများရဲ့ လိုအပ်ချက်အရ တင်ပြထားတဲ့ကိစ္စများရှိတယ်။ ဒါတွေကိုလည်း ကတိကဝတ်ထဲမှာပါပြီးပြီ။ သို့ရာတွင် မပါသေးဘူးဆိုလို့ရှိရင် သက်ဆိုင်ရာ ကော်မတီတွေနဲ့ညှိနှိုင်းပြီးတော့ လွှတ်တော်ထဲမှာ ဆုံးဖြတ်ဆောင်ရွက်ပြီးတော့ တင်ပြလာတဲ့ စီမံကိန်းတွေကို ပြုပြင်ပြောင်းလဲသတ်မှတ်နိုင်ဖို့ရာ ပြည်ထောင်စုလွှတ်တော်ရဲ့ လက်ထဲမှာရှိသလို တာဝန်လည်းရှိတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြချင်တာ ဒီနေ့ ပြည်ထောင်စုလွှတ်တော်ကိုတင်ပြထားတဲ့ စီမံကိန်းဥပဒေကြမ်း ရသုံးမှန်းခြေဘတ်ဂျက် ဥပဒေကြမ်းနှင့် အခွန်ဆိုင်ရာဥပဒေကြမ်းများကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက စိတ်ဝင်စားပြီးတော့ ကြည့်ရှုဖို့လိုပါတယ်။ ဒီကာလဟာ အရေးကြီးဆုံး ခုနကပြောတဲ့ ဥပဒေကြမ်း ၃ ခုကို ကျွန်တော်တို့ အတည်ပြုပေးရမယ့်ကာလလည်းဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ ဒီကာလမှာ ကျွန်တော်တို့ နိုင်ငံအတွက် အရေးကြီးပြီးတော့ ပြည်သူအတွက်အရေးကြီးပြီးတော့ အရေးတကြီးပြဋ္ဌာန်းပေးဖို့ ဥပဒေများလည်း ရှိပါတယ်။ အဲဒီအထဲမှာ အခုဆိုရင် ဗဟိုဘဏ်ဥပဒေမူကြမ်း ကျွန်တော်တို့ လွှတ်တော်မှာ ဆွေးနွေးဖို့ ဆောင်ရွက်နေပါပြီ။ အဲဒီနည်းတူပဲ FDI ခေါ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အဲဒီကမှ ဆင့်ပွားပေါ်ပေါက်လာတဲ့ နည်းဥပဒေများဟာလည်း လွှတ်တော်ထဲမှာ ပြီးခဲ့တဲ့ရက်က ကျွန်တော်တင်ပြထားပြီးဖြစ်ပါတယ်။ အလားတူ ကျန်တဲ့ဥပဒေတွေလည်းရှိပါတယ်။ ဒီဥပဒေတွေသည် အရေးကြီးသလို

အရေးကြီးပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ ဒီလွှတ်တော်ကာလအတွင်းမှာ ပြီးအောင် ပြဋ္ဌာန်းပေးမှ သာလျှင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရများက ဒီဥပဒေအပေါ် ကျင့်သုံးပြီး ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အချိန်ကာလအားဖြင့်လည်း ဒီလွှတ်တော်ကာလအတွင်းမှာ ပြဋ္ဌာန်း ပေးဖို့လိုတယ်။ အရေးကြီးတဲ့ ဥပဒေများလည်းဖြစ်ပါတယ်။ သဘောကတော့ FDI ဥပဒေတစ်ခုတည်း နဲ့ မပြီးသေးပါဘူး။ ဒီဥပဒေကို အကောင်အထည်ဖို့ဆိုရင် နည်းဥပဒေလိုပါတယ်။ ဆက်လက်ပြီးတော့ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များလည်း ထုတ်ပြန်ဖို့လိုပါတယ်။ အဲဒီလို ထုတ်ပြန်ဖို့ဆိုလို့ရှိရင် ဒီနေ့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ကနေပြီးတော့ တင်ပြလာတဲ့ နည်းဥပဒေများကိုလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက အသေးစိတ်လေ့လာပြီးတော့ ပါသင့်တာတွေ မပါ သေးဘူး။ မပါသင့်တာတွေပါနေတယ်ဆိုလို့ရှိရင် ဒါတွေကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်ဖို့ အရေးကြီးလိုအပ်တာဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ ဘဏ်ဥပဒေဆိုလို့ရှိရင် ဒီနေ့ ကျွန်တော်တို့ ပြောဆို နေကြပါတယ်။ ဘဏ်စနစ်ဘဏ်ဥပဒေဟာ ကျွန်တော်တို့နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတယ်။ ဘဏ်စနစ်နှင့် ဘဏ်ဥပဒေ ပီပီပြင်ပြင်မပြဋ္ဌာန်းဘူးဆိုလို့ရှိရင် ဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှု လုပ်လိုသူများအတွက်ရော၊ ပြည်တွင်းမှာရော များစွာအခက်အခဲရှိနေမှာဖြစ်တဲ့ ဒီဘဏ်ဥပဒေကို လည်း ကျွန်တော်တို့ အလေးထားပြီးတော့ စဉ်းစားပြီးတဲ့အခါမှာ ဝေဖန်သုံးသပ်ပြီး ဆုံးဖြတ်ဖို့လည်း လိုပါတယ်။

ကျွန်တော်တင်ပြချင်တာကတော့ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခွင့်အရေး၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်ကို မှန်မှန်ကန်ကန်အသုံးချသွားဖို့ လိုပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အခွင့်အရေးဟာ ဥပဒေကြမ်းတင်သွင်းနိုင်တဲ့ အခွင့်အရေး၊ ထိုနည်းတူစွာပဲ တင်ပြလာတဲ့ ဥပဒေကြမ်းများအပေါ် ဆွေးနွေးဆုံးဖြတ်နိုင်တဲ့ အခွင့်အရေး ဒီအခွင့်အရေးတွေ ကိုလည်း ထိထိရောက်ရောက် အသုံးချရမှာဖြစ်ပါတယ်။ အဲ့ဒီလို အသုံးမချဘူးဆိုလို့ရှိရင်တော့ မိမိတို့ ပြည်သူ့အတွက် အလုပ်ကျွေးပြုချင်တယ်။ ပြည်သူ့အတွက်ဆောင်ရွက်ပေးချင်တယ်ဆိုတာက စိတ်ဆန္ဒ သာရှိပြီးတော့ လက်တွေ့မှာ မပါမှာဖြစ်မှာဖြစ်တဲ့အတွက် အခုလို မိမိတို့ဆွေးနွေးဆုံးဖြတ်ရမယ့် ဥပဒေကြမ်းများကိုလည်း အလေးထားလေ့လာပြီးတော့ အချိန်မီဆောင်ရွက်နိုင်ရေးအတွက်လည်း အရေးကြီးပါတယ်။ တစ်ဆက်တည်းပဲ ခုနက ဆောက်လုပ်ရေးဝန်ကြီးတင်ပြဆွေးနွေးသွားတဲ့ နိုင်ငံတော်က ချမှတ်ပေးတဲ့ ဘဏ္ဍာငွေပေါ်မှာမူတည်ပြီးတော့ ဆောင်ရွက်ရမယ်ဆိုတဲ့ဟာလည်း ဒီနေ့ အဲဒီအတိုင်းပဲ ကျွန်တော်တို့ လွှတ်တော်က အဆုံးအဖြတ်ပေးရမယ်ဆိုတဲ့ဟာလည်း လက်ရှိအနေ

အထားက ဒီလိုအမှန်ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ စီမံကိန်းများတင်ပြလာတဲ့အခါမှာ သက်ဆိုင်ရာ တာဝန်ရှိတဲ့အဖွဲ့အစည်းတွေက ဒီစီမံကိန်း ဘယ်နှစ်မှာစမယ်။ ဘယ်နှစ်မှာပြီးမယ်။ တစ်နှစ်တစ်နှစ်ကို ဘယ်လောက်ထိသုံးမယ်ဆိုတဲ့ဟာလည်း နောင်မှာ စီမံကိန်းရေးဆွဲတင်ပြရမယ်ဆိုရင် ဒီလိုဖြစ်အောင် ကျွန်တော်တို့လုပ်ဖို့လိုပါတယ်။ အခု ကျွန်တော်တို့ဆီမှာ ဒီနေ့တွေ့နေတဲ့ဟာတော့ စီမံကိန်းတွေ အများကြီးပဲ။ အသစ်လုပ်မယ့်စီမံကိန်းတွေလည်း အများကြီးပဲ။ အဟောင်းတွေ၊ on gone တွေလည်း အများကြီးပဲ။ အဲဒီလို အဟောင်းတွေ၊ on gone တွေ အများကြီးဖြစ်ပြီးတော့ ဘယ်စီမံကိန်းဟာ ဘယ်နှစ်မှာပြီးမယ်ဆိုတဲ့ သတ်မှတ်ချက်မရှိပါဘူး။

အဲဒီအတိုင်းပဲ ဘယ်စီမံကိန်းကို ဘယ်နှစ်မှာဘယ်လောက်သုံးမယ်ဆိုတဲ့ သတ်မှတ်ချက်လည်း မရှိတဲ့အတွက် အခုကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ဖြေကြားရာမှာ အခက်အခဲရှိသလို လွှတ်တော်ကိုယ်စားလှယ်များသိချင်တဲ့အချက်ကျတော့လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အခု ကဲ့သို့ပဲ ဒီလိုပဲ ဖြေရမယ့်အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စီမံကိန်းတစ်ခုတင်ပြလာပြီဆိုလို့ ရှိရင် ဒီစီမံကိန်းကို ဆောင်ရွက်တဲ့အခါမှာ ခုနက တင်ပြတဲ့ **Feasibility** ရှိမရှိ အကျိုးသက်ရောက်မှု ဘယ်လောက်ကောင်း၊မကောင်း ပြီးတဲ့အခါမှာ ဒီစီမံကိန်းက ဖြစ်ပေါ်လာမယ့် အကျိုးအမြတ်ရှိမရှိ စသဖြင့် ဒီဟာတွေတွက်ဆပြီးတဲ့အခါမှာ ဒီစီမံကိန်း မရှိမဖြစ်၊ မလုပ်မဖြစ်လုပ်ရမယ်ဆိုရင် ဘယ်နှစ် ကစမယ်။ ဘယ်နှစ်မှာပြီးမယ်။ ဘယ်နှစ်မှာဘယ်လောက်သုံးမယ်ဆိုတဲ့ဟာကအစ နောက်ပိုင်းမှာ ဆောင်ရွက်ရမယ့်ကိစ္စတွေဖြစ်ပါတယ်။ တချို့ဆိုလို့ရှိရင် စီမံကိန်းတင်တဲ့အခါမှာ စီမံကိန်းအတိုင်းပဲ လုပ်တယ်။ လုပ်တဲ့အခါမှာ စီမံကိန်းစလုပ်တော့မှ အခက်အခဲတွေတွေ့လာတယ်။ ဘာဖြစ်လို့လဲ လိုအပ်တဲ့ **Feasibility Steady** ပြီးတဲ့အခါမှာ လိုအပ်တဲ့ စူးစမ်းလေ့လာမှု ပြည့်ပြည့်စုံစုံမရှိဘဲနဲ့ လုပ်ခဲ့တဲ့အတွက် ဒီနေ့ ကျွန်တော်တို့ဆီမှာ ဒီလိုအခက်အခဲမျိုးတွေ ကြုံတွေ့နေရတာဖြစ်ပါတယ်။ နှစ်ဖက်ပါ။ တစ်ဖက်ကလည်း ဝန်ကြီးဌာနများရဲ့အခက်အခဲ၊ တစ်ဖက်ကလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ အခုလို အခက်အခဲ အဲဒီလို အခက်အခဲများဖြေရှင်းဖို့ဆိုရင် ဒီတစ်ပတ် တင်ပြလာတဲ့ စီမံကိန်း ဘတ်ဂျတ် သို့မဟုတ်လို့ရှိရင် ရသုံးမှန်းခြေငွေစာရင်းနှင့် အခွန်ဆိုင်ရာ ကိစ္စရပ် များကို သက်ဆိုင်ရာ ကော်မတီလိုက်၊ ကော်မတီလိုက် သေချာစိစစ်ပြီး စတင်ဆောင်ရွက်သွားမယ် ဆိုရင် နောင်နှစ်မှာ ဒီလိုပြဿနာမျိုးတွေမရှိပါဘူး။ ဒါကြောင့်မို့လို့ ဆိုကြပါစို့ ခုနက တံတား တည်ဆောက်ဖို့ဆိုလို့ရှိရင် တံတားတည်ဆောက်မယ်။ ဘယ်နှစ်မှာစတည်ဆောက်မယ်။ ဘယ်နှစ်မှာ ပြီးမယ်။ ဘယ်နှစ်မှာ ဘယ်လောက်သုံးမယ်ဆိုတဲ့ဟာက စပြီးတဲ့အခါမှာ သက်ဆိုင်ရာစီမံကိန်းတင်လာ

ကတည်းက ဒီလိုပဲဖြစ်ရမယ်။ ပြီးလို့ရှိရင် အဲဒီလို စီမံကိန်းတင်လာတဲ့အခါမှာ ဒီစီမံကိန်းအတွက် သက်ဆိုင်ရာ တာဝန်ရှိတဲ့ အဖွဲ့အစည်းနဲ့ စိစစ်ပြီးပြီလား။ ဒီစီမံကိန်းလုပ်လို့ရှိရင် အကျိုးဖြစ်ထွန်းမှု ရှိပြီလား။ အဲဒီလိုရှိပြီဆိုတဲ့ ကတိကဝတ်တွေ၊ ခံယူချက်တွေ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ဒီနေ့ ဒီမိုကရေစီခေတ်မှာ တာဝန်ခံမှု၊ တာဝန်ယူမှုတွေပါမှ စီမံကိန်းကိုလုပ်သင့်ပါတယ်။ အဲ့ဒီအတိုင်းပဲ လုပ်တဲ့အခါမှာလည်း ပွင့်လင်းမြင်သာမှုရှိဖို့လိုတယ်ဆိုတာလည်း လွှတ်တော်မှာဆောင်ရွက်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခေတ်ပြောင်းစနစ်ပြောင်း ခေတ်နဲ့စနစ်နဲ့လျော်ညီတဲ့လုပ်ငန်းများကို ကျွန်တော်တို့ လုပ်ဖို့ဆိုရင် ဒီနေ့ပြောရင်တော့ ပြုပြင်ပြောင်းလဲရေးပါ။ ဒါကြောင့်မို့လို့ တင်ပြလာတဲ့ စီမံကိန်း၊ ရသုံးမှန်းခြေငွေစာရင်းအပါအဝင် ကျန်တဲ့ကိစ္စများဟာ ခေတ်စနစ်နှင့်အညီ သက်ဆိုင်ရာ လွှတ်တော်၊ လွှတ်တော်ကော်မတီများက အဓိကတာဝန်ယူဆောင်ရွက်ရမှာဖြစ်သလို ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များကလည်း မိမိကော်မတီနဲ့ မသက်ဆိုင်ဘဲနဲ့ မိမိဒေသနဲ့သက်ဆိုင်တယ် ဆိုတဲ့ကိစ္စရပ်များမှာ အလေးထားစဉ်းစားပြီးတော့ လွှတ်တော်အတွင်းမှာ ပွင့်ပွင့်လင်းလင်း ဆွေးနွေး ဆောင်ရွက်သွားခြင်းဖြင့် ဒီနေ့ဖြစ်ပေါ်နေတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

**တံတားဦးမြို့နယ်ရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် လမ်းများဖြည့်ဆည်းပြင်ဆင် တည်ဆောက် ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်သန္တာ(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင်။ ကျွန်မက တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ ဖြစ်ပါတယ်ရှင်။ တံတားဦးမြို့နယ်မှာရှိတဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ လမ်းများဖြည့်ဆည်းပြင်ဆင် တည်ဆောက်ပေးရန်နှင့် စပ်လျဉ်း ပြီးတော့ မေးခွန်းများ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ တံတားဦးမြို့နယ်ဟာ အင်းဝ မင်းနေပြည်တော်ဟောင်းတည်ရှိတဲ့ မြို့ဖြစ်ပါတယ်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို လာရောက်ပြီးတော့ လေ့လာတဲ့အခါ ကမ္ဘာလှည့်ခရီးသည်တွေ နေ့စဉ်အမြောက်အမြားလာရောက် လည်ပတ်ကြပါတယ်။ အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ရှိပြီးတော့ ဟိုတယ်ဇုန်၊ စက်မှုဇုန်များလည်း တည်ဆောက်ရန်အတွက် စီမံကိန်းများရှိတယ်လို့ ကြားသိနေရပါတယ်။ အခု အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဖောက်လုပ်စဉ်က တံတားဦးမြို့နယ်က တောင်သူမိသားစု ၄၅၀ ကျော်ခန့် လုပ်ကိုင်စားသောက်နေရတဲ့ လယ်ယာမြေဧကပေါင်း ထောင်ချီပြီးတော့ လမ်းမြေ

အတွက် သိမ်းဆည်းခံခဲ့ရပါတယ်။ ကျွန်မတို့ရဲ့ တောင်သူတွေဟာ လမ်းကောင်းကောင်းအသုံးပြုခွင့် ရတော့မယ်ဆိုတဲ့ မျှော်လင့်ချက်ရှိခဲ့ပါတယ်။ ဒါပေမယ့် အမြန်လမ်းမကြီးကို ဖြတ်သန်းအသုံးပြုခွင့် မရခဲ့ကြပါဘူး။ မောင်းနှင်မိမယ်ဆိုရင်လည်းပဲ ဒဏ်ကြေးပေးဆောင်နေရပါတယ်။ ဒီအမြန်လမ်းနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေရဲ့အခက်အခဲတွေ၊ လိုအပ်ချက်တွေကို လွှတ်တော်ကိုယ်စားလှယ်တွေ အများစုဟာ အကြိမ်ကြိမ်မေးမြန်းဆွေးနွေးနေရပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ အမြန်လမ်းမပေါ် ဆိုင်ကယ်၊ ထော်လာဂျီမောင်းနှင်ခြင်းဟာ မောင်းနှင်သူအတွက် အသက်နဲ့ရင်းပြီး မောင်းနှင်နေကြရ တာပါ။ ဥပဒေအရ ဒဏ်ကြေးပေးဆောင်ရမယ်ဆိုတာကို သိပေမယ့်လည်းပဲ မိမိရဲ့အသက်နဲ့ရင်းပြီး ဥပဒေကို ချိုးဖောက်မောင်းနှင်ခြင်းဟာ မောင်းနှင်သူအတွက် မလုပ်မဖြစ်လုပ်နေရတဲ့ စွန့်စားမှုတစ်ခု လိုပဲ ဖြစ်နေပါတယ်။ ဒီလိုမောင်းနှင်ခြင်းနဲ့ ဥပဒေကို မချိုးဖောက်လိုကြပါဘူး။ ဒါကို ဖြေရှင်းဖို့ရာ အတွက် တစ်နည်းအားဖြင့် ဒီဥပဒေကို ကျွန်မတို့ ပြည်သူတွေ လိုက်နာနိုင်ဖို့ရာတွင် အမြန်လမ်းမကြီးနဲ့ အပြိုင် ကျေးလက်သုံးလမ်းများ ဖောက်လုပ်ပေးရန် လိုအပ်လာပါတယ်ရှင်။ ပြီးခဲ့တဲ့အပတ်ထဲက ဥက္ကဋ္ဌကြီးရဲ့ နွားထိုးကြီးခရီးစဉ် ပြည်သူတွေရဲ့ တင်ပြချက်မှာ မြို့သုံးမိုင်အတွင်းမှာ လမ်းအသုံးပြု နိုင်အောင်စီစဉ်ပေးဖို့ ပါရှိပါတယ်။ ဒါဟာ ကျေးရွာ လေး၊ ငါးရွာအတွက်ပဲ အဆင်ပြေမှာဖြစ်ပါ တယ်ရှင်။ ဒ့ါအပြင် အမြန်လမ်းမမှ Under Pass များဟာ လည်း မိုးရာသီအချိန်မှာ တစ်ပေကနေ နှစ်ပေကျော်သုံးပေအထိ ရေနစ်မြုပ်နေပါတယ်။ ဒီလို ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ခင်းလုပ်ကွက်တွေ လည်းပဲ ပျက်စီးနေရပါတယ်။ ဒီလမ်းနဲ့ ပတ်သက်ပြီးတော့ ပဉ္စမကာလတိုင်းနှစ် အမျိုးသားစီမံကိန်း ထဲမှာ ပြုပြင်ရန်ပါရှိတဲ့ Under Pass လမ်းများအပြင် ပြုပြင်သင့်တဲ့လမ်းများလည်း ကျန်ရှိနေပါသေး တယ်ရှင်။ Under Pass အမှတ်(၁/၃၄၄)၊ (၅/၃၄၁)၊ (၂/၃၄၂)၊ (၂/၃၄၆)၊ (၃/၃၄၈)၊ (၃/၃၄၉)၊ (၂/၃၅၀)၊ (၁/၃၅၅) အမှတ် ၈ ခုဟာ ပြင်ဆင်တိုးမြှင့် ဖို့လို့အတွက် လိုအပ်နေတဲ့ Under Pass တွေ ဖြစ်ပါတယ်။ ဒီ Under Pass တွေရဲ့ အရှေ့ဘက်နဲ့ အနောက်ဘက်ရွာတွေကို ဆက်သွယ်ထားတဲ့ လမ်းတွေဟာလည်းပဲ အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန် လိုအပ်နေပါတယ်။ ဥပမာပြောရမယ်ဆိုရင် Under Pass အမှတ် (၅/၃၄၁) အရှေ့ဘက်မှာရှိတဲ့ မိုးကြိုးတွင်းရွာကို သွားတဲ့လမ်း၊ အနောက် ဘက်မှာရှိတဲ့ မြင်းစိုင်းရွာကိုသွားတဲ့လမ်း ဒီမြင်းစိုင်းရွာကို သွားတဲ့လမ်းဟာဆိုရင် ဆိုင်ကယ်တစ်စီး စာကိုပဲ မောင်းနှင်ဖို့ဟာ အင်မတန်ခက်ခဲနေပါတယ်။ လမ်းမကြီးဟာမြင့်မားပြီးတော့ ရွာထဲကို ဆင်းတဲ့ အခါမှာ တက်တဲ့အခါမှာ ခက်ခဲစွာဆင်းရတက်ရပါတယ်။ ဒါဟာ အလွန်အင်မတန် အန္တရာယ်ကြီးမား လှပါတယ်။ အဲဒီလိုရွာလမ်းတွေကို အမြန်ဆုံးအဆင့်တိုးမြှင့် ပြုပြင်ပေးသင့်ပါတယ်ရှင်။ ဒါမှသာ

ဒေသခံပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်း ကုန်စည်စီးဆင်းမှု၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး အဘက်ဘက်က တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။ ရွာများရဲ့ တိုးတက်မြင့်မားမှုဟာ မြို့နယ်ရဲ့ တိုးတက်မှုဖြစ်ပြီး နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုသို့လည်း ကိုယ်စားပြုမှာဖြစ်ပါတယ်ရှင်။ ဒါကြောင့်မို့လို့ လယ်ယာမြေသိမ်းဆည်းခံ လမ်းပျောက်နေသော ရွာသူရွာသားများကိုယ်စား သိရှိလို သည်မှာ စီးပွားရေး၊ လူမှုရေး ကမ္ဘာ့နိုင်ငံတွေနဲ့ စီးပွားရေး၊ လူမှုရေး ဆက်သွယ်ရေးအပါအဝင် အဘက်ဘက်ကနေ အချက်အခြာကျနေတဲ့ တံတားဦးမြို့လေးအတွင်းမှာရှိတဲ့ အမြန်လမ်းမကြီးနဲ့ အပြိုင်ကျေးရွာသုံးလမ်းများကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ Under Pass များ ပြုပြင် ပေးရန်၊ ရွာလမ်းများ အဆင့်မြင့်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနဲ့ရှိပါက မည်သည့်အချိန်မှာ စတင်မယ်ဆိုတာကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါ တယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော့်အနေနဲ့ဆက်လက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ တံတားဦး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာမှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားတဲ့ တံတားဦးမြို့နယ်အတွင်းမှာရှိတဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ပြုလုပ်ထားတဲ့ Under Pass လမ်းများ ရာသီမရွေးအသုံးပြုနိုင်ရန် ထပ်မံပြုပြင်ပေးရန်၊ လမ်းမကြီးနှင့်ယှဉ်လျက် ကျေးလက်သုံးလမ်းဖောက်လုပ်ပေးရန်နှင့် ဒေသခံပြည်သူများ လမ်းအခက်အခဲနှင့် ကြုံတွေ့နေရတဲ့ အတွက် လမ်းများဖြည့်ဆည်းပြင်ဆင်တည်ဆောက်ပေးရန်စတဲ့ မေးခွန်းကို ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။ တံတားဦးမြို့နယ်မှာရှိတဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမှာ Under Pass ၈ ခု တည်ဆောက်ထားပြီးဖြစ်ပါတယ်။ အဲဒီ Under Pass တွေကတော့ စောစောက တင်ပြတဲ့အတိုင်း (၁/၃၃၄)၊ (၅/၃၄၁)၊ (၂/၃၄၂)၊ (၂/၃၄၆)၊ (၃/၃၄၈)၊ (၃/၃၄၉)၊ (၂/၃၅၀)၊ (၁/၃၅၅) တို့ဖြစ်ပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ (၁/၃၃၄)၊ (၅/၃၄၁)၊ (၂/၃၄၂)၊ (၃/၃၄၈)၊ (၃/၃၄၉)၊ (၂/၃၅၀)၊ (၁/၃၅၅) စတဲ့ Under Pass ၇ ခုဟာ ဆိုင်ကယ်တွေ၊ လှည်းတွေနဲ့ ထော်လာဂျီတွေ သွားနိုင်တဲ့အနေအထားမှာ ရှိပါတယ်။ ဒါကိုလည်း နှစ်စဉ်ပြုပြင်ပေးလျက်ရှိပါတယ်။ ဒီထဲမှာ စောစောက ကိုယ်စားလှယ်ကြီး တင်ပြတဲ့ Under Pass ၂/၃၄၆) တစ်ခုကတော့ မိုးတွင်းမှာ ဒါရေနှစ်ပေခန့် နက်တယ်ဆိုတာ

မှန်ပါတယ်။ ဒါလည်း ကျွန်တော်တို့ ဒီနှစ်မှာ ကျွန်တော်တို့ စပြီးလုပ်နေပါတယ်။ ဒီ Under Pass တွေနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေကတော့ လမ်းနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေက ကျွန်တော်တို့ ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတာလည်း ဒါကျွန်တော်တို့ ငြင်းလို့ မရပါဘူး။ ကျွန်တော်တို့ ပြည်သူအတွက်လုပ်ပေးသင့်တာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အခြေအနေအရ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့အနေအထားမှာ ဖြစ်ပါတယ်။ ဒီအထဲကနေ အကောင်းဆုံး ကျွန်တော်တို့ လုပ်ပေးဖို့ရှိတာကတော့ စောစောကပြောတဲ့ ဒီလမ်းနဲ့ အပြိုင် ကျေးရွာတွေဟာ လမ်းပိတ်နေတဲ့အနေအထားမျိုးတွေ ဖြစ်နေတဲ့ဟာတွေကိုတော့ ကျွန်တော်တို့ စတင်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်နေရပြီ ဖြစ်ပါတယ်။ Under Pass အမှတ်(၂/၃၄၆) အတွင်း မှာတော့ ပေ ၂၇၅၀ ကို ဒါ အခုစပြီး လုပ်နေပါပြီ။ ဒါကို ဆက်သွယ်ရေးလမ်းအနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၁၂ ပေအကျယ် ကျောက်ရောမြေအမာခံ လမ်းခင်းပြီးတော့ ၄ ပေ ရေထုတ်ပြွန်တစ်စင်းလည်း ကျွန်တော်တို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အတူပဲ ဒီ Under Pass တွေမှာ ရှိနေတဲ့လိုအပ်ချက် တွေကိုလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးသွား ပါမယ်။ ဒါ ကျွန်တော်တို့ ကွင်းဆင်းပြီးတော့ ထပ်မံစစ်ဆေးပြီးတော့ ကျွန်တော်တို့ လိုအပ်ချက်တွေကို အမြန်လမ်းနဲ့ပတ်သက်ပြီးတော့ အတတ်နိုင်ဆုံးဆောင်ရွက်ပေးမယ်ဆိုပြီးတော့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ တကယ်ကတော့ အမြန်လမ်းအနေနဲ့ ပြောမယ်ဆိုရင် ကျွန်တော်တို့ ဒီအမြန်လမ်း ပေါ်မှာ မော်တော်ဆိုင်ကယ်တို့၊ ထော်လာဂျီတို့ သွားခွင့်မရှိပါဘူး။ စောစောက ပြောသလိုပဲ သွားခွင့် မရှိပေမယ့် သူတို့မှာ သွားစရာလမ်းမရှိလို့သွားတယ်ဆိုတာလည်း ကျွန်တော်တို့ နားလည်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့လမ်းကြီးဟာ တစ်ဖက်ကို လေးလမ်းသွားအနေနဲ့ ကျွန်တော်တို့က ဖောက်လုပ်ထားတာ ဖြစ်ပါတယ်။ ဘေးမှာ ကျွန်တော်တို့ မြေသားတွေက ကျွန်တော်တို့ အမှန်တကယ် ပြောရရင်တော့ ချော်ပြီးသားပါ။ လောလောဆယ် ကျွန်တော်တို့ လုပ်ထားတာကတော့ လေးလမ်းသွား တစ်ဖက်ကို ရှိတဲ့နေရာမှာ ကွန်ကရစ်အနေနဲ့ နှစ်လမ်းသွားကိုပဲ ကျွန်တော်တို့ လုပ်ပြီးတော့ ပထမ အဆင့်အနေနဲ့ ကျွန်တော်တို့ အသုံးပြုနေတာ ဖြစ်ပါတယ်။ လမ်းရဲ့အနေအထားအရ ကျွန်တော်တို့ရဲ့ သွားရေးလာရေးကို အများကြီးအထောက်အကူဖြစ်သလို အန္တရာယ်ရှိနေတာတွေလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါတွေလည်း ကျွန်တော်တို့ အခုဒီနှစ်ထဲမှာ အမျိုးမျိုးကြိုးစားပြီးတော့ ကျွန်တော်တို့ ရန်ပုံငွေရရှိရေးကို ဆောင်ရွက် နေပါတယ်။ နိုင်ငံတော်က တစ်ဖက်က ကျွန်တော်တို့ နိုင်ငံတော်ရဲ့ငွေနဲ့ ဆောင်ရွက်တာရှိသလို တစ်ဖက်ကလည်း နိုင်ငံခြားအကူအညီနဲ့ ကျွန်တော်တို့ လေးလမ်းသွားကြီး

တစ်ဖက်စီဖြစ်သွားအောင် ဒီအန္တရာယ်တွေကင်းအောင် **ကတ်ဒွေး**ကအစ Traffic System ကအစ အားလုံး ကောင်းမွန်အောင် ကြိုးစားပြီးဆောင်ရွက်နေပါတယ်။ ဒီကာလအတွင်းမှာ တစ်နှစ်ပြီးတစ်နှစ် တက်လာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။ ဒါကိုလည်းဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ တဖြည်းဖြည်းအခုလက်ရှိ ကတ္တရာလမ်း ကွန်ကရစ်လမ်းအနေအထား ကနေပြီးတော့ ကျွန်တော်တို့ AC ကတ္တရာတင်ပြီးတော့ ဒီလမ်းကို ပိုမိုချောမွေ့အောင်လည်းပဲ ကျွန်တော်တို့ စတင်ပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။ ဒါပေမယ့် အားလုံးကန့်သတ်ချက်နဲ့ လုပ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီအရေးကြီးဆုံးဟာကို ကျွန်တော်တို့စပြီးတော့ အန္တရာယ်လည်း ကင်းရှင်းအောင် သွားရေးလာရေးမှာလည်း လွယ်ကူအောင် အစစအဆင်ပြေအောင် ကြိုးပမ်း ဆောင်ရွက်နေပါတယ်။ စောစောကပြောတဲ့ Under Pass တွေနဲ့ ဆက်စပ်မှုရှိတဲ့ ရွာတွေကနေပြီးတော့ လမ်းပေါ်ကို မတက်ရသည့်တိုင်အောင် ဆက်ဆံရေးလမ်းကြောင်းများကို ကောင်းစွာသွားနိုင်အောင် လည်း ကျွန်တော့်အနေနဲ့ကြိုးပမ်းပြီး ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။ အဲဒီတော့ နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ အမြန်လမ်းအနေနဲ့ လိုအပ်ချက်များကို ကျွန်တော် တို့ လျစ်လျူရှုမထားဘဲနဲ့လမ်းရော ကျွန်တော်တို့ ဒီကျေးရွာဆက်စပ်မှုအပိုင်းတွေမှာ အားလုံးအားသာ အောင် ကျွန်တော်တို့ ကြိုးပမ်းပြီး ဆောင်ရွက်နေပါတယ်။ နောက်ဆုံးလေးလမ်းသွားကြီး မဖြစ်သေးခင် မှာတောင်မှ ကျွန်တော်တို့ ဘေးကနေပြီးတော့မှ လွတ်လွတ်လပ်လပ်နဲ့ အန္တရာယ်ကင်းကင်းသွား နိုင်အောင် ကျွန်တော်တို့ ဒီယာယီလမ်းတွေ ယာယီလမ်းဆိုတာ အပြိုင်လမ်းသေးပုံစံမျိုးနဲ့ လမ်းကို မျက်နှာပြင်ချောမွေ့အောင်လုပ်ပြီး ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်လို့ ကျွန်တော် တင်ပြလို ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မော်တော်ယာဉ်အို၊ မော်တော်ယာဉ်ဟောင်းများအား လဲလှယ်ပေးခဲ့သကဲ့သို့ မော်တော်ဆိုင်ကယ် အဟောင်းများကို အစီအမံတစ်ခုအဖြစ် စီမံပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ လွှတ်တော်သို့ လာရောက်လေ့လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံ ကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြမေးမြန်းလိုတာကတော့ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေတဲ့ ယာဉ်အို၊ ယာဉ်ဟောင်းများ လဲလှယ်ပေးနေမှုကိစ္စနှင့် ဆက်နွယ်တဲ့ မေးခွန်းတစ်ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးတဲ့ ယာဉ်အို၊ ယာဉ်ဟောင်းများ လဲလှယ်ပေးတဲ့ကိစ္စဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းမှုရှိပါတယ်။ နိုင်ငံတော်အစိုးရရဲ့စေတနာဟာလည်း ပေါ်လွင်ခဲ့ပါတယ်။ သို့သော် ကားစီးနိုင်တဲ့ နိုင်ငံသားအရေအတွက်ဟာ ရာခိုင်နှုန်းအားဖြင့် နည်းပါးပါတယ်။ ဒီနေ့နိုင်ငံသား အများစုအတွက် လူဦးရေအများစုနေထိုင်တဲ့ ကျေးလက်နေအခြေခံလူထုတစ်ရပ်လုံးအတွက် မရှိမဖြစ်သဖွယ်အဓိကလိုအပ်လာတာ အသုံးပြုလာနိုင်တာကတော့ မော်တော်ဆိုင်ကယ်များသာ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ အခြေခံလူထုလူတန်းစားအလွှာ အသုံးပြုတဲ့ မော်တော်ဆိုင်ကယ်အများစုဟာ ကျေးလက်နေ လူထုအများစုဝယ်ယူစီးနိုင်တဲ့ ဈေးနှုန်းနဲ့ဝင်ရောက်လာတဲ့ တရုတ်ဆိုင်ကယ်များ ဖြစ်ကြပါတယ်။ ၁၀ စုနှစ်တစ်ခုသာ ထွန်းကားရသေးတဲ့ မြန်မာနိုင်ငံအတွင်းက တရုတ်ဆိုင်ကယ်ယဉ်ကျေးမှုနှင့်အတူ ဆိုင်ကယ်အို၊ ဆိုင်ကယ်ဟောင်းများဟာလည်း အိမ်တိုင်းမှာလိုလို ပုံလျက်သားရှိနေကြပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မော်တော်ယာဉ်အို၊ ယာဉ်ဟောင်းများအား လဲလှယ်ပေးနေသကဲ့သို့ နိုင်ငံသားလူဦးရေအများစုရဲ့ အကျိုးအတွက် မော်တော်ဆိုင်ကယ်အဟောင်းများကို အစီအမံတစ်ခုအဖြစ် စီစဉ်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါကြောင်း မိဘပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ရဲ့ မေးမြန်းတဲ့မေးခွန်းအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်မှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မော်တော်ယာဉ်အို၊ မော်တော်ယာဉ်ဟောင်းများ

အား လဲလှယ်ပေးခဲ့သကဲ့သို့ မော်တော်ဆိုင်ကယ်အဟောင်းများကို အစီအမံတစ်ခုအဖြစ် စီမံပေးရန် အစီအစဉ်ရှိ၊ မရှိမေးမြန်းလာပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတို့၏ အကျိုးငှာ ပြည်တွင်းမှာ လက်ရှိအသုံးပြုနေတဲ့ အိုမင်းဟောင်းနွမ်းနေတဲ့ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များဟာ စက်သုံးဆီ ပိုမိုသုံးစွဲရခြင်းကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုဖြစ်ခြင်း၊ မော်တော်ယာဉ်များရဲ့ ကြံ့ခိုင်မှု အားနည်းခြင်းကြောင့် မတော်တဆမှုများဖြစ်ပေါ်ခြင်း၊ သက်တမ်းကြာမြင့်တဲ့ ယာဉ်များဖြစ်တဲ့အတွက် ကြောင့် အပိုပစ္စည်းရှားပါးပြီး ပြန်လည်ပြုပြင်ရန် အခက်အခဲများရှိခြင်း၊ ယာဉ်အိုယာဉ်ဟောင်းများ လမ်းခရီးမှာ ချို့ယွင်းမှုဖြစ်ခြင်းကြောင့် ယာဉ်ကြောများပိတ်ဆို့မှုဖြစ်ခြင်းနှင့် ယာဉ်များမှထွက်တဲ့ မီးခိုးငွေ့များဟာ သဘာဝပတ်ဝန်းကျင်ပျက်စီးစေခြင်း စတဲ့အချက်များကြောင့် အစားထိုးလဲလှယ်နိုင် ရေး စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ်များကို သွင်းကုန်လိုင်စင်နဲ့ ပြည်ပမှ တရားဝင်တင်သွင်းခွင့်ပြုခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရားဝင်တင်သွင်းခွင့်ပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တရားဝင်တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကို ပြည်နယ် နှင့်တိုင်းဒေသကြီးများမှာရှိတဲ့ မြို့ကြီးများမှာ ကုမ္ပဏီအရောင်းပြခန်းများ ဖွင့်လှစ်ပြီးတော့ ရောင်းချ ခွင့်ပြုလျက်ရှိခြင်းနှင့် စက်မှုဇုန်ထုတ်မော်တော်ဆိုင်ကယ်များကိုလည်း မည်သူမဆို ဆိုင်ကယ် အဟောင်းအပ်နှံရန်၊ လဲလှယ်ရန်မလိုဘဲ လွတ်လပ်စွာ ဝယ်ယူအသုံးပြုနိုင်ပါတယ်။

မှတ်ပုံတင်မဲ့ယာဉ် မော်တော်ဆိုင်ကယ် (One Stop Service) နဲ့ ၁၉၉၉ ခုနှစ်မှစတင်၍ တရားဝင်မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ရာမှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအထိ ၈ ကြိမ် ဆောင်ရွက် ပေးခဲ့ပြီးတော့ မော်တော်ဆိုင်ကယ်စီးရေ စုစုပေါင်း ၂၈၃၀၀၀၀ ကျော် မှတ်ပုံတင်ပေးခဲ့ပြီး ဖြစ်ပါတယ်။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ ခွင့်ပြုချက်နဲ့ ပြည်တွင်းစက်မှုဇုန်များမှ မော်တော် ဆိုင်ကယ်များ ထုတ်လုပ်ရောင်းချလျက်ရှိရာမှာလည်း ပါမစ်မလိုဘဲ ဝယ်ယူသုံးစွဲနိုင်ခြင်းစတဲ့ ဆောင်ရွက်ပေးမှုများကြောင့် မြန်မာတစ်နိုင်ငံလုံးမှာ ၃၁-၁-၂၀၁၃ ရက်နေ့အထိ မော်တော်ဆိုင်ကယ် စီးရေ ၃၁၇၀၀၀၀ ကျော် မှတ်ပုံတင်ဆောင်ရွက်ပေးထားခဲ့ပြီး ဖြစ်ပါတယ်။ မှတ်ပုံတင်သက်တမ်း ကြာမြင့်တဲ့ ယာဉ်အို၊ ယာဉ်ဟောင်းများကို ယာဉ်ပိုင်ရှင်ရဲ့ ဆန္ဒအရ ဖျက်သိမ်းအပ်နှံခြင်းအတွက် အစားထိုးတင်သွင်းတဲ့ မော်တော်ယာဉ်များကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခအပေါ်မှာ ရာခိုင်နှုန်း အလိုက် ထပ်မံလျှော့ပေါ့ကောက်ခံဆောင်ရွက်လျက်ရှိရာ "ပ" အက္ခရာအထိ အပ်နှံယာဉ်များကို ၄၀ ရာခိုင်နှုန်း၊ "ဗ" အက္ခရာမှစပြီးတော့ ၆၀ ရာခိုင်နှုန်း၊ လေလံယာဉ်များကို ၆၀ ရာခိုင်နှုန်း၊ Taxi အဖြစ် အသုံးပြုမည့်ယာဉ်တွေကို ၈၀ ရာခိုင်နှုန်းလျှော့ပေါ့ပေးလျက်ရှိပါတယ်။ မော်တော်ဆိုင်ကယ်များကို

တော့ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကောက်ခံခြင်းလုံးဝမပြုခဲ့တဲ့အတွက်ကြောင့် လဲလှယ်အပ်နှံခြင်းအပေါ်မှာ ထပ်မံပြီးတော့လျှော့ပေါ့ပေးရန် မရှိတဲ့အတွက်ကြောင့် မော်တော်ဆိုင်ကယ်များကို ယာဉ်အို၊ ယာဉ်ဟောင်းကဲ့သို့ ဖျက်သိမ်းအပ်နှံခြင်းအားဖြင့် ပိုင်ရှင်များအတွက် အကျိုးဖြစ်ထွန်းမှုမရှိကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ မော်တော်ဆိုင်ကယ်အဟောင်း ပိုင်ရှင်များအနေနဲ့ အသစ်တစ်စီး ထပ်မံဝယ်ယူရန်မှာ မိမိရဲ့ ဆိုင်ကယ်အဟောင်းကို အပ်နှံစရာမလိုဘဲ အရောင်းပြခန်းသို့မဟုတ် စက်မှုဇုန်ထုတ်မော်တော်ဆိုင်ကယ်များကို လွတ်လပ်လွယ်ကူစွာ ဝယ်ယူနိုင်တဲ့ အခြေအနေတွင်ရှိသဖြင့် ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံအစားထိုးလဲလှယ်ပေးခဲ့သကဲ့သို့ မော်တော်ဆိုင်ကယ်အဟောင်းများအား အစားထိုးလဲလှယ်ပေးရန် အစီအစဉ်မရှိပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**အုတ်တွင်းမြို့နယ် ညောင်ခြေထောက်ကျေးရွာရှိ ကြောင်ပိန်ချောင်းရထားကူးလမ်းတံတားအား ရေကြီးနစ်မြုပ်မှုမှကာကွယ်ရန်ပြုပြင်ပေးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်မှာဆိုလို့ရှိရင် ကျွန်တော်တို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကနေပြီးတော့ တည်ဆောက်ထားတဲ့ ရထားလမ်းကူးတံတားအမှတ် ၂၂၀ ဟာဆိုလို့ရှိရင် ကြောင်ပိန်ချောင်းကိုဖြတ်ပြီးတော့ ဆောက်လုပ်ထားပါတယ်။ အဲ့ဒီတံတားဟာဆိုလို့ရှိရင် ကျွန်တော်တို့မြေပြင်ကနေအထက် ၄ ပေ ၆ လက်မပဲရှိပြီးတော့ တံတားရဲ့အကျယ်ဟာဆိုလို့ရှိရင် ပေ ၃၀ ခန့် ရှိပါတယ်။ အဲ့ဒီတံတားကို ကျွန်တော်တို့အုတ်တိုင်ကြီး ၂ တိုင်နဲ့ ထောက်ပြီးတော့ တည်ဆောက်ထားတာဖြစ်ပါတယ်။ အဲ့ဒီတံတားတွေရဲ့ ခန်းဝင်အကျယ်ကတော့ ၁၀ ပေနီးပါးခန့်ရှိပါတယ်။ အဲ့ဒီကြောင်ပိန်ချောင်းဟာဆိုလို့ရှိရင် မိုးရွာတဲ့အခါမှာ တောင်ကျချောင်းရေတွေကျလာပြီးတော့ အဲ့ဒီတောင်ကျချောင်းမှာဆိုလို့ရှိရင် အတူပါလာတဲ့သစ်တုံးကြီးတွေ၊ အကိုင်းအခက်တွေ၊ အမှိုက်သရိုက်တွေဟာဆိုလို့ရှိရင် စောစောကတင်ပြထားတဲ့ တံတားကြီးရဲ့အုတ်တိုင်တွေမှာသွားပြီး တော့ငြိပြီးတော့ ရေစီး

ရေလာအတွက်အနှောင့်အယှက်ဖြစ်ကာ ကျွန်တော်တို့ အဲ့ဒီရေတွေဟာဆိုလို့ရှိရင် ချောင်းတွင်းကရေတွေဟာ မြို့တွင်းကိုဖြတ်ပြီးတော့ မြို့မှာရှိတဲ့ ဆေးရုံတွေ၊ စာသင်ကျောင်းတွေမှာသွားပြီးတော့ကြီးပါတယ်။ ရေကြီးတဲ့အပြင်ကျွန်တော်တို့ အိမ်ခြေ ၄၀၀ကျော်ရှိပါတယ်။ လူဦးရေအားဖြင့် ၂၀၀၀ ကျော်ရှိတဲ့ အဲ့ဒီအိမ်တွေအထိပါ ရေကဝင်ရောက်တဲ့အတွက် ကျွန်တော်တို့ အသက်အိုးအိမ်လည်း ထိခိုက်စရာအကြောင်းရှိပါတယ်။ နောက်လမ်းတွေပျက်တယ်။ စာသင်ကျောင်းတွေပျက်တယ်။ ဒါ့အပြင် ကျွန်တော်တို့ရထားလမ်းတွေ ရေကျော်တဲ့အတွက်ကြောင့်မို့လို့ ရထားဟာဆိုလို့ရှိရင် အဲ့ဒီတံတားမှာရေကြီးပြီဆိုတာနဲ့ ရထားတွေခဏခဏရပ်ပြီးတော့ ခရီးသွားပြည်သူတွေအတွက် စိတ်အနှောင့်အယှက်များစွာဖြစ်ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ကို မြို့ခံ၊ ဒေသခံပြည်သူတွေကနေပြီးတော့ တောင်းဆိုချက်အရ ကျွန်တော်တို့ အဲ့ဒီတံတားကြီးကို အမြန်ဆုံးပြုပြင်စေလိုပါတယ်။ တံတားရဲ့အုတ်တိုင်တွေကို ကျွန်တော်တို့ ဖြောင့်ဝင်သော်လည်းကောင်း၊ အခြေက ၄ ပေ ၆ လက်မပဲအမြင့်ရှိတဲ့အတွက်ကြောင့် အင်မတန်မှကျဉ်းတဲ့အတွက်ကြောင့်မို့လို့ အဲ့ဒီဥစ္စာကို အမြင့်ပဲထားထား သို့မဟုတ် အခြားနည်းပညာနဲ့ပဲဖြစ်ဖြစ် အကူအညီပေးစေလိုကြောင်း ဒေသခံပြည်သူတွေရဲ့လိုလားချက်အရ ကျွန်တော်အောက်ပါမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ ဒီရထားလမ်းကူးတံတားအမှတ် ၂၂၀ အား ပြုပြင်ပေးရန် အခြေအနေရှိ၊ မရှိ သိရှိလိုပါကြောင်းနှင့် ပြုပြင်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ပြုပြင်မယ်ဆိုတာကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်တင်ပြမေးမြန်းသွားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ရဲ့ မေးမြန်းတဲ့မေးခွန်းအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ ကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်မှ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်

ကျေးရွာမှာရှိတဲ့ ကြောင်ပိန်ချောင်းတံတား ရထားလမ်းကူးတံတားကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းပြီးတော့ သိလိုတဲ့အကြောင်း မေးမြန်းလာပါတယ်။ ကြောင်ပိန်ချောင်းတံတားဟာ ရန်ကုန်-မန္တလေးရထားလမ်း၊ ညောင်ခြေထောက်နှင့် ဇေယျဝတီကြား မိုင်(၁၄၃/၁-၂) မှာတည်ရှိပြီးတော့ ပေ ၃၀ အကျယ်ရှိ ၁၀ပေ ၃ခန်း သံပေါင်တံတားဖြစ်ပါတယ်။ မိုးကာလ တောင်ကျရေလာတဲ့အခါမှာ ရထားလမ်းမျက်နှာပြင်အထက် ၆လက်မ မှ ၈လက်မ ခန့်ထိ ရေကျော်လေ့ရှိပါတယ်။ သံပေါင်နှင့် ချောင်းကြမ်းပြင်(Bed level) အကွာအဝေးကတော့ ၅ပေ ခန့်သာရှိပါတယ်။ ရေကျော်တဲ့အခါမှာ အင်ဂျင်နီယာအချက်ပြနဲ့ ရထားစေလွှတ်ရပါတယ်။ ရံဖန်ရံခါ ရေကျော်မှုများလို့ရှိရင် ရထားကို အချိန်အနည်းငယ်ရပ်တန့်စောင့်ဆိုင်းပြီးမှ စေလွှတ်ရလေ့ရှိပါတယ်။

အဆိုပါရထားတံတား ပြုပြင်ဆောင်ရွက်ရေးတွင် လတ်တလောအားဖြင့် ဘူတာရဲ့အဝင်ပွိုင့်နဲ့ ပေ ၅၀ သာကွာဝေးတဲ့အတွက်ကြောင့် တံတားကိုမြှင့်တင်လိုက်မယ်ဆိုပါက ဘူတာယာဒ်ဝင်း တစ်ခုလုံးကိုပါ ပြန်လည်မြှင့်တင်ပြီးတော့ပြုပြင်ရမှာ ဖြစ်တဲ့အပြင် ဘူတာကိုဝင်တဲ့ အစုန်/အဆန် ရထားလမ်းများကိုပါ ပြုပြင်ရမှာဖြစ်တဲ့အတွက်ကြောင့် လုပ်ငန်းပမာဏ ကြီးမားတဲ့အတွက်ကြောင့် စီမံကိန်းအသစ်တစ်ရပ်အနေနဲ့ ဆောင်ရွက်ရမှာဖြစ်ခြင်းကိုတွေ့ရပါတယ်။ နောက်တစ်ခုကတော့ ရေလမ်းကြောင်းရဲ့ကမ်းတစ်ဖက်တစ်ချက်မှာ လူနေအိမ်တွေ နီးကပ်စွာ တည်ရှိနေတဲ့အတွက်ကြောင့် ချောင်းရဲ့အကျယ်ကို Water Way ကိုချဲ့ပြီးတော့ တံတားအကျယ်ကို တိုးချဲ့ဆောက်လုပ်မယ် ဆိုရင်လည်း အဆိုပါလူနေအိမ်များ ရွှေ့ပြောင်းပေးရမှာဖြစ်ခြင်း၊ ရေလမ်းကြောင်းကောင်းဖို့အတွက် လက်ရှိတည်ဆောက်ထားတဲ့ ရေလည်တိုင်တွေကို ဖျက်သိမ်းမယ်ဆိုရင်လည်း ယခင်က ၁၀ ပေ သံပေါင်အမြင့်က ၁ ပေ နဲ့ ၆ လက်မသာရှိပါတယ်။ အကယ်၍ ဖျက်ပြီးတော့ ပေ ၄၀ သံပေါင်ကို ကျွန်တော်တို့အကျယ်အနေနဲ့အသုံးပြုမယ်ဆိုရင် အဲ့ဒီသံပေါင်ရဲ့အမြင့်ဟာ ၄ ပေရှိတဲ့အတွက် ကြောင့် နဂိုကနည်းနေတဲ့ ရေလမ်းလွတ်ကင်းမှုဟာလည်းပိုပြီးတော့ နည်းသွားနိုင်တာတွေ့တဲ့ အတွက်ကြောင့် ရေလည်တိုင်များကို ဖျက်သိမ်းမှုပြုရန်လည်းမဖြစ်နိုင်ကြောင်း တွေ့ရှိရခြင်းစသည့် ကန့်သတ်ချက် များရှိနေကြောင်း တွေ့ရှိရပါတယ်။

ယခုအခါ မြို့ရွာများတိုးတက်ဖွံ့ဖြိုးစည်ပင်လာတဲ့အလျောက် အဆိုပါတံတားကို ရေစီးဝင် ရောက်မှုလမ်းကြောင်းအနေအထားများ ပြောင်းလဲနိုင်ခြင်းကြောင့်လည်းကောင်း၊ အစောက ကျွန်တော်တင်ပြခဲ့တဲ့ ကန့်သတ်ချက်များကြောင့်လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန တစ်ခုတည်းအနေနဲ့ လတ်တလောဆောင်ရွက်၍မရနိုင်တဲ့အတွက်ကြောင့် သက်ဆိုင်ရာပဲခူးတိုင်း

ဒေသကြီး အစိုးရရဲ့အကူအညီနဲ့ ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရေအရင်းမြစ်ဦးစီးဌာနတို့ရဲ့ ကျွမ်းကျင်တဲ့ ပညာရှင်များပါဝင်တဲ့အဖွဲ့ ဖွဲ့စည်းပြီးတော့ အချိန်ယူလေ့လာပြီး အဖြေရှာရန် လိုအပ်လျက်ရှိပါတယ်။ အဲ့ဒီကိစ္စကိုလည်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကျွန်တော်တို့ဝန်ကြီးဌာန ညှိနှိုင်းလျက်ရှိပါတယ်။ အဲ့ဒီအဖွဲ့မှာ မြန်မာ့မီးရထားကတာဝန်ရှိသူများကို ကိုယ်စားလှယ်အဖြစ် ပါဝင်ပြီးတော့ သက်ဆိုင်ရာအပိုင်းအလိုက် ပြုပြင်ပေးရမယ့် ဖော်ထုတ်တွေ့ရှိချက်များအရ ယခုနှစ်မိုးမကျမီဆောင်ရွက်ပေးသွားမှာ ဖြစ်တဲ့အကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက်မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။**]**

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**နိုင်ငံသားများ၏တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာနေသောပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးများအပြည့်အဝရရှိနိုင်ရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး အပ်နှင်းထားသောအာဏာများကိုအလွဲသုံးစားဆောင်ရွက်ခဲ့သူများအား အရေးယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ရှင်းလင်းပြတ်သားမှုရှိပြီး ပြည်သူလူထုအားအကာအကွယ်ပေးမည့် အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန် ဤလွှတ်တော်ကတိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က အဆိုတစ်ရပ်တင်သွင်းဖို့တင်ပြထားပါတယ်။ ဒါကြောင့် အဆိုတင်သွင်းဖို့ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာနေသောပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် တည်ဆဲဥပဒေများကိုပြန်လည်သုံးသပ်ပြီး အပ်နှင်းထားသောအာဏာများကို အလွဲသုံးစားဆောင်ရွက်ခဲ့သူများအားအရေးယူနိုင်ရန်၊ ပြည်ထောင်စုအစိုးရအဖွဲ့က ရှင်းလင်း ပြတ်သားမှုရှိပြီး ပြည်သူလူထုအားအကာအကွယ်ပေးမည့် အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန် ဤလွှတ်တော်ကတိုက်တွန်းကြောင်းအဆိုပဲဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကိုတင်သွင်းရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပြဋ္ဌာန်းထားတဲ့ နိုင်ငံသားအခွင့်အရေးများကို နိုင်ငံသားများပြည့်ပြည့်ဝဝရရှိ ခံစားနိုင်ဖို့ဖြစ်ပါတယ်။ အထူးသဖြင့် ပုဒ်မ ၃၅၆ မှာပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရကာကွယ်ပေးရမည်ဆိုတဲ့ပြဋ္ဌာန်းချက်ကို စာအုပ်ပေါ်မှာပြဋ္ဌာန်းထားတဲ့နေရာ ကနေ လက်တွေ့အသက်ဝင်လာဖို့အတွက် ကျွန်တော်သာဓကများနှင့်တကွ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ရှင်းလင်းတင်ပြပါမယ်။ ဒီလိုရှင်းလင်းတင်ပြတဲ့အခါမှာ လိုအပ်တဲ့နေရာမှာ စာရွက်

စာတမ်းတချို့ကိုဖတ်ကြားခွင့်ပြုပါလို့ ဥက္ကဋ္ဌကြီးအား ကြိုတင်ခွင့်တောင်းအပ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုတင်သွင်းရတဲ့အခါမှာ အရင်ဆုံး ကျွန်တော် ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းနှင့်ပတ်သက်ပြီးတော့ သာဓကနှစ်ခုတင်ပြပါ့မယ်။ တစ်ခုကတော့ လူလတ်တန်းစားဘဝကနေ ဆင်းရဲတဲ့ဘဝရောက်သွားပြီးတော့ ကိုယ့်ရဲ့ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းများ ဆုံးရှုံးခဲ့တဲ့ကိစ္စပါ။ အားလုံးသိတဲ့အတိုင်း ဒီလွှတ်တော်မှာလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မေးခွန်းမေးခဲ့ပါတယ်။ လူလတ်တန်းစားတွေရှိစုမယ့်စု စုဆောင်းထားတဲ့ပစ္စည်းတွေကို ဝန်ဆောင်မှုကုမ္ပဏီတွေကိုအပ်နှံခဲ့တဲ့ကိစ္စပါ။ အဲ့ဒီတုန်းကလည်း လူထုကယုံကြည်တယ်ဆိုတာ ရုပ်မြင်သံကြားကနေ နိုင်ငံတော်တာဝန်ရှိတဲ့လူတွေကိုယ်တိုင်က အဲ့ဒီကုမ္ပဏီတွေရဲ့ အဲ့ဒီဝန်ဆောင်မှုကုမ္ပဏီတွေနဲ့ ရုပ်မြင်သံကြားမှာအလှူငွေတွေ တွဲရိုက်တာကိုမူတည်ပြီးတော့ ပြည်သူလူထုက သူတို့ယုံကြည်တဲ့ငွေတွေကို အပ်နှင်းခဲ့တဲ့ကိစ္စပါ။ နောက်ဆုံး အားလုံးသိတဲ့အတိုင်းပဲ အဲ့ဒီအပ်နှင်းခဲ့တဲ့ နိုင်ငံသူနိုင်ငံသားတွေဟာ သူတို့ရဲ့ငွေကြေးဆုံးရှုံးရတဲ့ဟာက ယနေ့ဘယ်လိုခံစားနေရတယ်ဆိုတာ ပြီးခဲ့တဲ့ The Voice Journal January 7-13 ၂၀၁၃ ဂျာနယ်မှာ အငြိမ်းစားအထက်တန်းပြ ဆရာမတစ်ဦးရဲ့စာကို ကျွန်တော်ကောက်နုတ်ဖတ်ပြလိုပါတယ်။

ကျွန်မ ပင်စင်စားဆရာမတစ်ဦးပါ။ ကျွန်မကဲ့သို့ ခံစားရတဲ့ပြည်သူတွေထဲမှာ ဘဝပျက်သူတွေ၊ စိတ်ထိခိုက်လို့သေဆုံးရတဲ့သူတွေအများကြီးရှိပါတယ်။ လူလတ်တန်းစားဘဝမှ လူဆင်းရဲဘဝသို့ ရောက်ခဲ့သူတွေလည်း မနည်းလှပါဘူး။ အဲ့ဒါက ရိုးသားနုံအတဲ့ပြည်သူတွေကို ရိုက်စားလှည့်ဖျားသွားတဲ့ကုမ္ပဏီတွေအကြောင်း လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ဝင့်ကြွားခဲ့တဲ့ အထွေထွေအကျိုးဆောင်လုပ်ငန်းတွေကို ယုံကြည်ခဲ့လို့ပါ။ ပြီးတော့ တစ်နေရာမှာကတော့ ဒီကုမ္ပဏီအနည်းအပါးကတော့ ထည့်ဝင်တဲ့အရင်းငွေတချို့အနည်းငယ်ပြန်ထုတ်ပေးလို့ ကျေးဇူးတင်ရပါသေးတယ်။ တချို့ကတော့ တရားစွဲဆိုနိုင်ပေမယ့် တရားစွဲဆိုဖို့ငွေမလိုက်နိုင်ပါဘူး။ ဒီကိစ္စမှာ အလှူငွေတွေကို တပြုန်းပြုန်းနဲ့ ယူထားတဲ့အစိုးရမင်းများက ငါတို့နဲ့မဆိုင်ဘူး။ မင်းတို့ပြည်သူတွေညံ့လို့ နုံလို့ အလို့ မင်းတို့ထိုက်နဲ့ မင်းတို့ကံ နင်သာခံပေတော့လို့ အဖေအမေခေါ်စရာမရှိခဲ့ပါဘူး။ အခုအချိန်မှာ အဲ့ဒီအကျိုးဆောင်လူကြီးမင်းများပြန်လည်ကြီးပွားပြီး သူဌေးပြန်ဖြစ်နေကြပါပြီ။ ကျွန်မတို့လို ဆုံးရှုံးနစ်နာခဲ့တဲ့သူတွေကို ဘယ်သူကမှ အကာအကွယ်မပေးခဲ့ပါဘူးဆိုပြီးတော့ အငြိမ်းစားအလယ်တန်းပြဆရာမတစ်ဦးက ရွှေ့ပြောင်းနိုင်တဲ့ သူတို့ပိုင်ဆိုင်တဲ့ ပင်စင်စုဆောင်းငွေလေးများဆုံးရှုံးခဲ့ရတာကို The Voice Journal မှာ ရင်ဖွင့်ခဲ့ပါတယ်။

အဲ့နောက်တစ်ခုကတော့ ကျွန်တော်သက်ဆိုင်ရာတာဝန်ရှိသူများကိုလည်း တင်ပြခဲ့ပါတယ်။ အဲ့ဒါကတော့ ဘာလဲဆိုတော့ တရားဥပဒေအရအင်မတန်ရုပ်ဆိုးတဲ့ကိစ္စတစ်ခုပါ။ အဲ့တာကတော့ ကျွန်တော်တို့ မော်လမြိုင်ဘက်မှာ တပ်မတော်(ရေ)ကနေ တရားမဝင်သစ်ခွဲသားများတင်ဆောင်လာတဲ့ ကြယ်တံခွန်အမည်ရှိတဲ့စက်လှေကိုသိမ်းခဲ့ပါတယ်။ သိမ်းပြီးတော့ ရုံးတင်တယ်။ အဲ့ဒီမှာပါတဲ့ သစ်တွေကိုပါ ရှာဖွေပုံစံနဲ့သိမ်းပြီး ရုံးတင်ခဲ့တယ်။ အဲ့ဒီမှာ ပတ်သက်သူတွေကို ပြစ်ဒဏ်ပေးခဲ့တယ်။ သစ်တွေကိုတော့ နိုင်ငံတော်ပိုင်အဖြစ်သိမ်းခဲ့တယ်။ သို့သော် ဥပဒေအရလုပ်ရမယ့်စက်လှေကိုတော့ ရုံးမတင်ခဲ့ပါဘူး။ ရုံးမတင်ခဲ့တဲ့အတွက် အမှုပြီးတဲ့ တစ်နှစ်ခန့်ကြာတဲ့အခါမှာ ဒီစက်လှေဟာ နိုင်ငံတော်ဆီလည်း ပြန်မရောက်ဘူး။ တရားဝင်ပိုင်ဆိုင်တဲ့ ပိုင်ရှင်ကိုလည်းပြန်မပေးဘဲနဲ့ မော်လမြိုင်သံလွင်တံတားတစ်ခုမှာ ယခုထက်ထိထားပြီးတော့ တစ်နေ့ ဘယ်သူယူမလဲဆိုတဲ့ပြဿနာ၊ ဥပဒေအရမလုပ်ဘဲနဲ့ ဥပဒေပြင်ပနဲ့လုပ်တဲ့ဖြစ်ရပ်မျိုး ဒါတွေဟာမဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၅၁၇ အရချမှတ်ပြီးတော့ နိုင်ငံတော်ကသိမ်းရင်သိမ်း၊ မသိမ်းရင်မူလပိုင်ရှင်ကိုပြန်ပေးရမယ်။ အခုတော့ ဒီအတိုင်းပဲမိုးထဲရေထဲမှာပျက်စီးပြီးတော့ လွဲလွဲမှားမှားအသုံးချမယ့်အနေအထားမျိုးတွေဟာ နိုင်ငံသားတွေအတွက် အင်မတန်ထိခိုက်ပါတယ်။ ဒါဟာ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းနဲ့ပတ်သက်လို့ပါ။

မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းနှင့်ပတ်သက်ရင် ကျွန်တော်သာဓကနှစ်ခုတင်ပြပါ့မယ်။ ဒီတင်ပြတဲ့အချက်များကလည်း လွှတ်တော်ကော်မတီတွေကိုပို့ထားပါတယ်။ အဲ့ဒါက ကျွန်တော်နာမည်တော့ အခုတော့ မပြောတော့ပါဘူး။ စာချုပ်စာတမ်းမှတ်ပုံတင်ဥပဒေမှာ မှတ်ပုံတင်ခြင်းသည်ကြားသိခြင်းဖြစ်တယ်။ မှတ်ပုံတင်တဲ့အခါမှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာ ဥပဒေက အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ အဲ့တော့ သတင်းစာမှာလည်းထည့်တယ်။ မှတ်ပုံလည်းတင်တယ်။ ဒါပေမယ့် တရားရုံးရောက်တဲ့အခါကျတော့ မှတ်ပုံတင်ထားတာကိုမျက်ကွယ်ပြုပြီးတော့ စီရင်ချက်တွေချလိုက်တဲ့အတွက် ဒီနေ့ဆိုရင်သူရဲ့အိမ်ကိုဝရမ်းကပ်ပြီးတော့ လေလံတင်ရောင်းချရမယ့်အဆင့်ရောက်နေပါပြီ။ ဒါကိုလည်း လွှတ်တော်ကော်မတီတွေကို ပြည့်ပြည့်စုံစုံပေးပို့ထားပြီးဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက ဥပဒေရှိရင် ဥပဒေအရသူတရားဝင်ပိုင်ရင် ကာကွယ်ပေးရမယ်။ အခုတော့ အုပ်ချုပ်ရေးနည်းလမ်းနဲ့ရော၊ တရားစီရင်ရေးနည်းလမ်းနဲ့ရော ပြည်သူတွေရဲ့တရားဝင်ပိုင်ဆိုင်မှုတွေ ထိပါးခံနေရပါတယ်။

နောက် မရွေ့မပြောင်းနိုင်တဲ့ပစ္စည်းနှင့်ပတ်သက်ပြီး နောက်တင်ပြချင်တဲ့ အချက်တစ်ချက်ကတော့ ဒါကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အမည်နာမနဲ့တင်ပြခွင့်ပြုပါ။ အသက်အရွယ်လည်း ၈၅ နှစ်အပြင် ဒီနေ့ သက်ကြီးဝါကြီး အခုနောက်ဆုံးဆိုရင် ရာသက်ပန်အမျိုးသားစာပေဆုရှင်အဖြစ် ပြဋ္ဌာန်းထားတဲ့ပုဂ္ဂိုလ်ကြီးပါ။ သူ့ကိစ္စကိုလည်း တစ်ချိန်တစ်ခါတုန်းက နိုင်ငံတော်တာဝန်ရှိတဲ့ လူကြီးတွေသိရှိတဲ့ကိစ္စပါ။ သို့သော် ကြားမှာဟကြောင်းလေးတွေကြောင့် ဖြစ်ပျက်လာတဲ့အတွက် ဒီနေ့ စာရေးဆရာကြီးမင်းယုဝေ (ခ) ဦးဝင်းမောင် သူအတိုးသိန်း ၈၀ အရင်း သိန်း ၈၀ နဲ့ယူတဲ့ဟာကို သိန်း ၁၆၀ ပျက်ကွက်ရင် စာချုပ်အရသိန်း ၃၂၀ ဘဲပေးရပါမယ်။ အဲ့ဒီတော့ ကာလတန်ဖိုးသိန်း ၆၀၀၀ တန်တဲ့သူ့နေအိမ်နှင့် သူ့မြေကို သိန်း ၂၈၀ နဲ့ရောင်းစေဆိုပြီးတော့ တရားရုံးစီရင်ချက်ကြောင့် ဆရာကြီး မင်းယုဝေ (ခ) ဦးဝင်းမောင်ရဲ့ခံစားရမှုတွေကို အနည်းငယ်ထုတ်နုတ်ပြီးတော့ ဖတ်ပြပါရစေ။

ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များပီပီ တစ်နေ့နေ့တွင် အမှန်တရားပေါ်ပေါက်ကာ ကျွန်တော်တို့ပိုင်ခြံနှင့် မြေကို ကျွန်တော်တို့မသေမီ တစ်နည်းနည်းဖြင့်ပြန်လည်ရရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်စောင့်စားလျက်ရှိပါသည်။ အဖြစ်မှန်ကိုသိရှိသော နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တကုမာရဘိဝံသကလည်း အဓမ္မကို ဓမ္မက နောက်ဆုံးတွင် အနိုင်ရရှိမည်ဖြစ်ကြောင်းအားပေးခဲ့ပါသည်။ ယခု သမ္မတခေတ်သို့ရောက်လာ၍ အခွင့်အရေးပေါ်လာသောကြောင့် သမ္မတကြီး ဦးသိန်းစိန်ထံသို့ အမှန်အတိုင်းဆောင်ရွက်ပေးရန် ၂၃-၆-၂၀၁၂ ရက်နေ့တွင် အသနားခံစာတင်ခဲ့ပါသည်။ ထိုစဉ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ပြည်သူ့လွှတ်တော် ပေါ်ပေါက်လာသဖြင့် အားတက်ကာ ဤစာကိုလျှောက်ထားတင်ပြခြင်းပြုအပ်ပါသည်။ မရိုးမဖြောင့် သော ငွေရှင်ကြေးရှင်တရုတ်သူဌေးနှင့် အကျင့်ပျက်တရားရေးဝန်ထမ်းအချို့ကြောင့် ကျွန်တော် မင်းယုဝေ၏မိသားစုဘဝပျက်စီးသွားပါသည်။ အိမ်ခြံထဲတွင်ထားသော ကျွန်တော်၏ ပုံနှိပ်တိုက်ကို လည်း ပိတ်ပစ်လိုက်ရပါသည်။ ပုံနှိပ်တိုက်မရှိသဖြင့် တာဝန်ခံလုပ်ကိုင်နေသည့် သားကိုသက်ဝင်းမှာ လည်း အဝေးပြေးကားမောင်းသမားဘဝသို့ရောက်ရှိသွားပါသည်။ ပုံနှိပ်စက်မရှိသဖြင့် ကျွန်တော့် မြတ်မင်္ဂလာစာစောင်ကို အခြားစက်များတွင်အငှားရိုက်နေရပါသည်။ ကျွန်တော်တို့မိသားစု နေထိုင်စရာ အိမ်လည်းမရှိတော့သဖြင့် ယခုအခါ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်းသွယ်တွင် အိမ်ငှားဘဝဖြင့်နေထိုင်နေရပါသည်။ အမှုရုံးတင်စဉ်က ငွေမတတ်နိုင်သဖြင့် ကူညီသူမိတ်ဆွေများထံမှ ချေးယူထားသောငွေများကိုလည်း ပေးဆပ်နေရဆဲဖြစ်ပါသည်။ တရားရေးမဏ္ဍိုင်ယိုယွင်းပျက်စီး

သဖြင့် သားကောင်ဖြစ်ရသော ကျွန်တော် မင်းယုဝေမိသားစုအဖြစ်ဆိုးကို စာနာထောက်ထား၍ အမှန်တရားပေါ်အောင် အရေးယူကူညီပေးပါရန်ဆိုပြီးတော့ အသက် ၈၅ နှစ်ရှိတဲ့ ဆရာ မင်းယုဝေနှင့် သူရဲ့အစ်မ အသက် ၉၁ နှစ် ဒေါ်မြတင်တို့ရဲ့စာကလည်း ဒီလွှတ်တော်ကော်မတီများဆီကိုပေးပို့ထားပြီးဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီတော့ ဒီ နိုင်ငံသားအခွင့်အရေးတွေကို ပြန်လည်ကုစားဖို့ အခြေခံဥပဒေမှာတော့ စာချွန်တော်လွှာပြဋ္ဌာန်းထားပါတယ်။ သို့သော် စာချွန်တော်လွှာနှင့်ပတ်သက်ပြီး လွှတ်တော်မှာလည်း ကန်ပက်လက်မဲဆန္ဒနယ် သူရဦးအောင်ကို အဆိုတင်ခဲ့ပြီး ကျွန်တော်တို့လည်းဆွေးနွေးခဲ့ပါတယ်။ လက်တွေ့က ဒီ စာချွန်တော်လွှာအခွင့်အရေး လိုချင်တယ်ဆိုရင် နေပြည်တော် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို လာရောက်ပြီးတင်ရပါမယ်။ ဒီနေ့ နိုင်ငံသားအများစုဟာ နေပြည်တော် ပြည်ထောင်စုတရားရုံးချုပ်ကိုလာဖို့ ရွေ့နေငှားရမ်းပြီး တင်ဖို့ဆိုတာ အင်မတန်မှအခက်အခဲအကျပ်အတည်းတွေကြုံနေပါတယ်။ အဲ့ဒါကို ဘယ်လိုနည်းနဲ့ ဖြေရှင်းပေးနိုင်မလဲ။ ပြန်လေ့လာကြည့်တဲ့အခါကျတော့ ယနေ့အချိန်အထိ မရုပ်သိမ်းရသေးတဲ့ နိုင်ငံသားများရဲ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြန်လေ့လာကြည့်ပါတယ်။ အဲ့ဒီဥပဒေမှာဆိုရင် နိုင်ငံသားတွေရဲ့အခွင့်ရေးကိုကာကွယ်စောင့်ရှောက်ပေးဖို့ ဗဟိုအဖွဲ့၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့၊ ဝန်ထမ်းအဖွဲ့တွေအထိ ကာကွယ်စောင့်ရှောက်ပေးရမယ်ဆိုပြီးတော့ ပြဋ္ဌာန်းပေးထားပါတယ်။ အဲ့ဒီကာကွယ်စောင့်ရှောက်မှုမရဘူးဆိုရင်လည်း ဒီအာဏာအလွဲသုံးစား လုပ်တဲ့ပုဂ္ဂိုလ်တွေကို အခွင့်အာဏာအလွဲသုံးစားပြုသဖြင့် နစ်နာ၍အရေးယူခြင်းဆိုတာပြဋ္ဌာန်းထားပါတယ်။ ပြည်သူတို့က အကြံဥာဏ်တောင်းရင်လည်းပေးရမယ်ဆိုတာ ပြဋ္ဌာန်းထားတဲ့အတွက် နိုင်ငံသားတွေအခြေခံဥပဒေကပေးထားတဲ့အခွင့်အရေးတွေကို နေပြည်တော် ပြည်ထောင်စုတရားရုံးချုပ်အထိ မလာဘဲနဲ့ မိမိမြို့နယ်၊ မိမိခရိုင်၊ မိမိပြည်နယ်မှာဘဲ နစ်နာမှုအခွင့်အရေးတွေကို ရယူနိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ အဲ့ဒါကြောင့် ဒီနေ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ကိုက်ညီတဲ့ နိုင်ငံသားတွေရဲ့ အခွင့်အရေးတွေကိုကာကွယ်စောင့်ရှောက်ပေးဖို့ အထူးဥပဒေတစ်ရပ်လိုအပ်ပါတယ်။ အခုဒီဥပဒေဟာ ၁၉၇၅ ခုနှစ်က ပြဋ္ဌာန်းပြီးတော့ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရပေါ်ပေါက်လာတဲ့ အထူးဥပဒေဖြစ်တဲ့အတွက် ယနေ့ကာလဆိုရင် ခေတ်ကာလနဲ့မကိုက်ညီတော့ပါဘူး။ ဒါကြောင့် ဒီနေ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၃၅၆ ပြဋ္ဌာန်းချက်ကို နိုင်ငံသားတွေအကုန်လုံး အပြည့်အဝရယူနိုင်ဖို့အတွက်ဆိုရင် ဒီနေ့ နိုင်ငံသားတွေရဲ့နစ်နာမှုကိုကုစားပေးနိုင်ဖို့ အာဏာအပ်နှင်း

ထားတဲ့ အာဏာကိုအလွဲသုံးစားလုပ်တဲ့လူတွေကိုအရေးယူနိုင်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့က ရှင်းလင်းပြတ်သားမှုရှိပြီးတော့ ပြည်သူလူထုကိုအကာအကွယ်ပေးနိုင်တဲ့ အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်း ပေးရန်လိုအပ်ပါတယ်။ ဥပဒေအခြေခံမူ၊ ဥပဒေအဆိုအမိန့်တွေမှာ ပြည်သူများရဲ့ကောင်းစားရေးဟာ အရေးကြီးဆုံး အထွဋ်အထိပ်နိယာမတရားဖြစ်တယ်ဆိုပြီးတော့ ဆိုထားပါတယ်။ အဲ့ဒီအဆိုနဲ့အညီ နိုင်ငံသားတွေအတွက် အကာအကွယ်ရဖို့ သူတို့ရဲ့နစ်နာမှုကိုကုစားပေးဖို့ ကျွန်တော်အထက်ပါအဆို တင်သွင်းရခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်အား ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့ ပြည်ထောင်စု အစိုးရအဖွဲ့က ရှင်းလင်းပြတ်သားမှုရှိပြီး ပြည်သူလူထုအား အကာအကွယ်ပေးမည့် အထူးဥပဒေ တစ်ရပ်ပြဋ္ဌာန်းပေးပါရန် ဤလွှတ်တော်ကတိုက်တွန်းကြောင်း အဆိုကို ရှမ်းပြည်နယ်၊ ညောင်ရွှေ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းဆွေမှ ထောက်ခံပါကြောင်း တင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာနများမှ ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ရဲချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ အဆိုနှင့်စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၄၅ အပိုဒ် (က) နှင့် (ခ) မှာပါတဲ့ အရည်အချင်းများနှင့်ကိုက်ညီပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ

ဖြစ်ကြောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအရ ပုဒ်မ ၃၄၇ နဲ့အညီ ဥပဒေရဲ့ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမှာဖြစ်ကြောင်း၊ ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ အကာအကွယ်ပေးရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၃၅၇ မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများအတွက် ဥပဒေအရ အကာအကွယ်ပေးရမည်ဖြစ်ကြောင်းဆိုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ နိုင်ငံသားများအနေနဲ့ မိမိတို့ရဲ့ တရားဝင်ရရှိပိုင်ဆိုင်ထားတဲ့ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်းလို့ ထိခိုက်နစ်နာမှုရှိလာပါက ပြစ်မှုဆိုင်ရာဥပဒေ အခန်း(၁၇)မှာ ပုဒ်မ ၃၇၈ ကနေ ပုဒ်မ ၄၆၂ ထိပြဋ္ဌာန်းထားတဲ့အတွက် အဲဒီပြဋ္ဌာန်းချက်များနှင့်အညီ တရားစွဲဆိုပြီး ကုစားမှုများရရှိနိုင်တဲ့အပြင် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်းလို့ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းပေးဖို့ လုပ်ထုံးလုပ်နည်းများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၄၅ မှ ပုဒ်မ ၁၄၈ အထိ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်တဲ့ဥပဒေနဲ့ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ၊ အမွေဆက်ခံခြင်းဥပဒေစတဲ့အထူးဥပဒေများနဲ့လည်း နိုင်ငံသားများရဲ့ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနဲ့စပ်လျဉ်းလို့ အကာအကွယ်ပေးထားပြီးဖြစ်ပါတယ်။

၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅(က)၊ ပုဒ်မခွဲ ၂၀ နဲ့ ၂၁ တို့မှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းနဲ့ ရွှေ့ပြောင်းနိုင်သောပစ္စည်းတို့ကို အဓိပ္ပာယ်ဖွင့်ဆိုထားရာမှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းဆိုရာတွင် မြေအပါအဝင်၊ မြေမှဖြစ်ထွန်းလာသော အကျိုးခံစားခွင့်များ၊ မြေ၌စိုက်ထူထားသော အရာဝတ္ထုများအပြင် ယင်းအရာဝတ္ထုတွင် အမြဲတပ်ဆင်ထားသည့် အရာဝတ္ထုများလည်းပါဝင်ကြောင်း ဖော်ပြထားပါတယ်။ မြေနဲ့စပ်လျဉ်းလို့ နိုင်ငံသားများက ဥပဒေနဲ့အညီ ပိုင်ဆိုင်နိုင်ပေမယ့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ (က) မှာ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံးရဲ့ ပင်ရင်းပိုင်ရှင်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ကိုလည်း သတိပြုကြရမှာဖြစ်ပါတယ်။ မြေနဲ့စပ်လျဉ်းလို့ လယ်ယာမြေဥပဒေနဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့မှာ နိုင်ငံသား

များအနေနဲ့ ဥပဒေနဲ့အညီ လက်ဝယ်ထားခွင့်၊ စိုက်ပျိုးထုတ်လုပ်ခွင့်နဲ့ အသုံးချခွင့်များကိုလည်း ပေးထားပြီးဖြစ်ပါတယ်။

မြို့နယ်နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းမှာရှိတဲ့ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနဲ့ ပရဝဏ်များ၊ အများပိုင်ဆိုင်ပြီး စိုက်ပျိုးရေးအသုံးမပြုတဲ့မြေများကိုလည်း နိုင်ငံသား များအနေနဲ့ မိမိတို့တရားဝင်ရရှိပိုင်ဆိုင်ခွင့်များကို ထိခိုက်နစ်နာမှုများဖြစ်ခဲ့လို့ရှိရင် တရားမကျင့်ထုံး ဥပဒေနဲ့အညီ ကုစားခွင့်၊ သက်သာခွင့်များနဲ့ တောင်းဆိုရယူနိုင်ခွင့်ရှိသလို ပြစ်မှုဆိုင်ရာဥပဒေနဲ့ အထူးဥပဒေများအရလည်း တရားစွဲဆို အရေးယူနိုင်တဲ့အခွင့်အရေးများ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လယ်ယာမြေပိုင်ဆိုင်ခွင့် အငြင်းပွားမှုများမှာလယ်ယာမြေဥပဒေအရ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က မူလမှုခင်းဖွင့်လှစ်ပြီး ကြားနာဆုံးဖြတ်ပေးရုံမက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အထိ အဆုံးအဖြတ်ရယူပိုင်ခွင့်များ ရရှိထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာလုပ်ပိုင်ခွင့်များနဲ့စပ်လျဉ်းလို့ နစ်နာမှုများရှိခဲ့ရင် လယ်ယာမြေဥပဒေ နဲ့အညီ အခွင့်အရေးများကို အပြည့်အဝခံစားခွင့်ရရှိပြီးဖြစ်ပါတယ်။

နိုင်ငံသားများအနေနဲ့ ဥပဒေနဲ့အညီ မိမိတို့တရားဝင်ရရှိပိုင်ဆိုင်ထားတဲ့ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနဲ့ စပ်လျဉ်းလို့ ထိခိုက်နစ်နာစေရန် ဖန်တီးထားတဲ့အာဏာ ကို အလွဲသုံးစားဆောင်ရွက်ခဲ့မှုများရှိခဲ့မည်ဆိုပါက အာဏာအပ်နှင်းခြင်းခံရသူအနေနဲ့ ကျူးလွန်တဲ့ ပြစ်မှုအတိုင်းအတာအလိုက် ပြစ်မှုဆိုင်ရာဥပဒေ၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်တဲ့ဥပဒေ၊ ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေ၊ တရားမဝင်သော နည်းလမ်းနဲ့ ရရှိတဲ့ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေအပါအဝင် သက်ဆိုင်ရာဥပဒေများနဲ့ အရေးယူခံရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တည်ဆဲဥပဒေများကို ခေတ်စနစ်နဲ့ လျော်ညီစွာ ပြန်လည်သုံးသပ်ပြီး ပြင်ဆင် ဖြည့်စွက် အတည်ပြုပြဋ္ဌာန်းပေးရန် သင့်ပါကြောင်းနှင့် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင် ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ထိခိုက် နစ်နာနေသော ပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး အပ်နှင်းထားသော အာဏာကို အလွဲသုံးစားဆောင်ရွက် ခဲ့သူများအား အရေးယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ရှင်းလင်းပြတ်သားမှုရှိပြီး ပြည်သူလူထု

အား အကာအကွယ်ပေးမည့် အထူးဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် အဆိုနဲ့စပ်လျဉ်းလို့ မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ဥက္ကဋ္ဌ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဆက်လက်ဆွေးနွေးပါ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီးတော့ နိုင်ငံသားတစ်ဦးရဲ့ တရားဝင်ပိုင်ဆိုင်တဲ့ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းတွေကို ထိခိုက်နစ်နာမှု ရှိတယ်ဆိုလို့ရှိရင် အုပ်ချုပ်မှုနည်းလမ်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆိုနိုင်တဲ့ တည်ဆဲဥပဒေများရှိပါတယ်။ ဥပမာ တစ်ဦးတစ်ယောက်ပိုင်ဆိုင်တဲ့ ပစ္စည်းကိုသာမက တစ်ဦးတစ်ယောက်ရဲ့ လက်ဝယ်ရှိတဲ့ ပစ္စည်းကိုပင် မတရားရယူခြင်း၊ မတရားဆုံးရှုံးစေခြင်း၊ မတရားကျူးကျော်ခြင်းတို့အပြင် ထိခိုက်နစ်နာပျက်စီးစေမယ်ဆိုလို့ရှိရင် ပြစ်မှုဆိုင်ရာဥပဒေပါ ပစ္စည်းကို ထိခိုက်စေတဲ့ ပြစ်မှုများအခန်း ပြဋ္ဌာန်းချက်များအရ အရေးယူဆောင်ရွက်နိုင်ပါတယ်။ တရားမကြောင်းအရလည်း တရားမကျင့်ထုံးဥပဒေတွေအရ တရားစွဲဆိုနိုင်ပါတယ်။ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းမှာပါဝင်တဲ့ ခုနက ရဲချုပ်ကြီးရှင်းလင်းတင်ပြသွားတဲ့အတိုင်း လယ်ယာမြေနှင့်စပ်လျဉ်းလို့ပဲဖြစ်စေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေနဲ့စပ်လျဉ်းလို့ပဲဖြစ်စေ ဒီလယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေတွေကို ပြည်ထောင်စုလွှတ်တော်ကလည်း ပြဋ္ဌာန်းပေးပြီးတော့ နိုင်ငံသားတွေရဲ့ ထိခိုက်နစ်နာမှုကို ကာကွယ်ပေးထားပြီးဖြစ်ပါတယ်။ မြေသိမ်းဆည်းနိုင်တဲ့အကြောင်းတရားတစ်ခုဖြစ်တဲ့ ပြီးခဲ့တဲ့ **Session** မှာ ဥက္ကဋ္ဌကြီးလည်း ရှင်းလင်းမိန့်ကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီနိုင်ငံတော်အကျိုးငှာ ဆောင်ရွက်တဲ့ စီမံကိန်းတွေနဲ့စပ်လျဉ်းလို့ရှိရင် နိုင်ငံတော်က အမျိုးသားစီမံကိန်းများ ဆောင်ရွက်ရန်ပေါ်ပေါက်လာတယ်ဆိုလို့ရှိရင် နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်းဥပဒေကြမ်းကိုရေးဆွဲပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀ (ခ) အရ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ဆုံးဖြတ်မှုကို ခံယူဆောင်ရွက်ရတာဖြစ်ပါတယ်။ နိုင်ငံသားတွေရဲ့ တရားဝင်ပိုင်ဆိုင်မှုတွေကို ထိခိုက်နစ်နာစေနိုင်တဲ့ အခြေအနေကို အကာအကွယ်မပေးနိုင်တဲ့ တည်ဆဲဥပဒေတွေရှိလို့ရှိရင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီဥပဒေတွေကို ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ဆောင်ရွက်နိုင်ပါတယ်။

အပ်နှင်းထားတဲ့ အာဏာကို အလွဲသုံးစားပြုပြီးဆောင်ရွက်ခဲ့တဲ့သူတွေကို အရေးယူနိုင်ရန် ဥပဒေ ပြဋ္ဌာန်းဖို့ကိစ္စကတော့ အမှန်တကယ် အဲ့ဒီကာလက အာဏာကို အလွဲသုံးစားပြုပြီးတော့ ဆောင်ရွက်ချက်တွေရှိခဲ့ရင်တောင်မှ အဲဒီအချိန်က ရှိရင်းစွဲဥပဒေတွေအရသာ အရေးယူဆောင်ရွက်ရမယ့် ကိစ္စတွေဖြစ်ပါတယ်။ အခုကာလမှာအရေးယူနိုင်ဖို့ အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃ မှာပါတဲ့ မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန် အာဏာသက်ရောက်စေရန် ပြဋ္ဌာန်းခွင့်မရှိစေရဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့ ဆန့်ကျင့်မှာဖြစ်ပါတယ်။ အလားတူ ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၃ (င)မှာ ဥပဒေတစ်ရပ်ရပ်မှာ နောက်ကြောင်းပြန်ပြီး အာဏာသက်ရောက်မှုရှိစေရမယ်လို့ အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလို့ရှိရင် ဒီဥပဒေဟာ နောက်ကြောင်းပြန်အာဏာသက်ရောက်မှုမရှိစေရ။ သို့ရာတွင် မည်သည့် ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုမရှိစေရဆိုတဲ့ ပြဋ္ဌာန်းချက်လည်းရှိပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတင်ပြလိုတာကတော့ ပြည်သူ့ဝန်ထမ်းတွေနဲ့ပတ်သက်လို့ ရာဇသတ်ကြီး အခန်း(၉)မှာ ပြည်သူ့ဝန်ထမ်းတွေကျူးလွန်တဲ့ ဒါမှမဟုတ် ပြည်သူ့ဝန်ထမ်းတွေနဲ့ သက်ဆိုင်တဲ့ ပြစ်မှုတွေ အခန်းမှာ ပြည်သူ့ဝန်ထမ်းတွေ မမှန်မကန်လုပ်တဲ့ကိစ္စတွေ၊ တံစိုးလက်ဆောင်ယူတဲ့ ကိစ္စတွေ၊ တစ်ယောက်ယောက်ကို နစ်နာစေဖို့ ကြံရွယ်ပြီးတော့ ဆောင်ရွက်တဲ့ကိစ္စတွေဟာ ရာဇသတ်ကြီးမှာလည်း ပြဋ္ဌာန်းချက်တွေ ရှိပြီးဖြစ်ပါတယ်။ အရေးယူနိုင်ပြီးလည်းဖြစ်ပါတယ်။ အလားတူ ခုနကရဲချုပ်ကြီးတင်ပြသွားတဲ့ အထူးဥပဒေများလည်း တည်ဆဲဥပဒေတွေမှာလည်း အရေးယူနိုင်တဲ့ ပြဋ္ဌာန်းချက်တွေ တည်ရှိပြီးဖြစ်ပါတယ်။ အခုလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွှန့် ရဲ့အဆိုမှာ ပါရှိတဲ့ ဖော်ပြချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၆ မှာပါတဲ့ နိုင်ငံတော်ဟာ နိုင်ငံသားများရဲ့ တရားဝင်ရရှိထားတဲ့ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်းပြီး ဥပဒေအရ အကာအကွယ်ပေးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ရဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်အရ တည်ဆဲဥပဒေတွေအရလည်းကောင်း၊ အခုပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလျက်ရှိတဲ့ သက်ဆိုင်ရာ ဥပဒေတွေအရလည်းကောင်း နိုင်ငံသားများကိုအကာအကွယ်ပေးနိုင်ပါတယ်။ ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နောက်ပိုင်းရက်များမှာလည်း နိုင်ငံသားများအခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေနှင့် ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပြင်ဆင်ခြင်းသော်လည်းကောင်း၊ ပယ်ဖျက်ခြင်းသော်လည်းကောင်း ပြုလုပ်ဖို့အဆိုကိုအတည်ပြုခဲ့တာရှိပါတယ်ခင်ဗျား။ အဲ့ဒီအဆိုကိုအတည်ပြုခဲ့တဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့ ဒီဥပဒေကို လွှတ်တော်

ကိုယ်စားလှယ်တော်ကြီး ဦးသိန်းညွန့် တင်ပြသလို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံသားတွေ တရားဝင်လက်ရှိပိုင်ဆိုင်ထားတဲ့ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေနဲ့စပ်လျဉ်းပြီး ထိခိုက်နစ်နာနေသူများ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများရရှိစေရန် တည်ဆဲဥပဒေကို ပြန်လည်သုံးသပ်ခြင်းကိုဆောင်ရွက်သင့်ပါတယ်။ တည်ဆဲဥပဒေတွေကို ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်သင့်သော်လည်းပဲ ဒီနောက်ကြောင်းပြန်တဲ့ အရေးယူဖို့ဥပဒေကိုတော့ ပြဋ္ဌာန်းဖို့မသင့်ပါကြောင်းနဲ့ အဆိုကို လက်ခံဆွေးနွေးဖို့မသင့်ကြောင်းတင်ပြအပ်တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို စတင်တင်ပြတဲ့ ဦးသိန်းညွန့်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဒုတိယဝန်ကြီးပြောတဲ့ ဥပဒေများက အဂတိလိုက်စားမှု အင်မတန်မှ များပြားနေတဲ့ကာလမှာ ဒီဥပဒေ၊ တည်ဆဲဥပဒေဟာ တကယ်လက်တွေ့နဲ့ပြောရင် တော်တော်များများ အိပ်ပျော်နေတဲ့ ဥပဒေတွေဖြစ်ပါတယ်။ သို့သော် ပြည်ထဲရေးဒုတိယဝန်ကြီးက ခေတ်နှင့်စနစ်နှင့် လျော်ညီအောင် တည်ဆဲဥပဒေကို ပြန်လည်ပြဋ္ဌာန်းသင့်ကြောင်း ပြောလာတဲ့အချက်ရယ်၊ ဒုတိယ ရှေ့နေချုပ်ရဲ့ ပြောကြားချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၃ အရ နောက်ကြောင်းမပြန်ရဘူးဆိုပေမယ့် ပြစ်မှုဆိုင်ရာ ဥပဒေများသည် ကာလစည်းကမ်းသတ်မရှိပါဘူး။ တရားမမှုမှာက ကာလစည်းကမ်းသတ်ရှိပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေမှာ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုသည် ရာဇဝတ်မှုအဖြစ်ပေါ်ပေါက်လာလျှင် ဘယ်အချိန်မဆို အရေးယူရတဲ့ ပြဋ္ဌာန်းချက်ဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်တို့လွှတ်တော်ကို ရှင်းလင်းပြလိုပါတယ်။ သို့သော် ဒီနေ့ ဒုတိယရှေ့နေချုပ်က ခေတ်နှင့်ကိုက်ညီအောင် ပြန်လည်ပြင်ဆင်မယ်ဆိုတဲ့အချက် နောက်တစ်ခုက ပြည်ထဲရေး ဒုတိယဝန်ကြီးက ဒီအဆိုကို မှတ်တမ်းတင်ထားသင့်တယ်လို့ ပြောပါတယ်။ ဒုတိယရှေ့နေချုပ်ကတော့ အဆိုကို လက်ခံဆွေးနွေးဖို့မလိုဘူးလို့ ပြောပါတယ်။ ဒီ ၂ ချက်ပေါ်မှာ ကျွန်တော်သဘောထားကတော့ ဒီနေ့နိုင်ငံသားများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးမယ့်အချက်ကို ရှေ့နေချုပ်ရုံးက ဥပဒေအဖြစ် ပြင်ဆင်ပြီးတော့ တင်ပြလာတယ်ဆိုရင် အဲဒီအချိန်မှာ အခု ကျွန်တော် ဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ ပြင်ဆင်ချက်များ ဆောင်ရွက်ဖို့ ကျွန်တော်ဘက်က ဆောင်ရွက်ပါမယ်။ သို့သော် ဒီနေ့ ဒီမိုကရေစီအသွင် ကူးပြောင်းမှုဘက်မှာ ကျွန်တော်တို့ဟာ တတ်နိုင်သမျှ ဒီတရားသေမရပ်ဘဲနဲ့ အပေးအယူလုပ်တဲ့အနေနဲ့ အခု ကျွန်တော့်အဆိုကို ပြည်ထဲရေး ဒုတိယဝန်ကြီး ပြောသလို မှတ်တမ်းတင်ထားပြီးတော့ လွှတ်တော်က

ဆက်လက်စောင့်ကြည့်မယ်ဆိုရင် အဲဒီလို ဆုံးဖြတ်ချက်မျိုးချမယ်ဆိုရင်တော့ ကျွန်တော် သဘောတူပါတယ်။ ဥက္ကဋ္ဌကြီး ဒါပါပဲ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်က ပြည်ထဲရေး ဒုတိယဝန်ကြီးရဲ့ ဆွေးနွေးမှုကို သဘောတူတယ်။ သို့ရာတွင် ရှေ့နေချုပ်ရုံးရဲ့ပြောဆိုမှုကတော့ လုံလောက်မှုမရှိဘူးဆိုတဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ၂ ချက်ပေါ်မှာမူတည်ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထား ပြန်လည်ရှင်းလင်းပြောကြားပေးပါ။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ကျွန်တော့်အနေနဲ့ကတော့ ယခုအဆိုဟာ အခု ကနဦးအဆင့် လက်ခံသင့်၊မသင့် ဆွေးနွေးဖို့ ပြည်သူ့လွှတ်တော်မှာ တင်ပြတယ်လို့ ကျွန်တော်သဘောပေါက်လို့ ဒီဟာကို ဆက်ပြီးတော့ အဆိုကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖို့မသင့်တဲ့အကြောင်း ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ မှတ်တမ်းတင်တယ်၊ ရုပ်သိမ်းတယ်၊ အတည်ပြုတယ်ဆိုတဲ့ကိစ္စကတော့ အားလုံးအဆိုမှာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီးတဲ့နောက်ပိုင်းမှာ ခုနက မှတ်တမ်းတင်သင့်ကြောင်း၊ အတည်ပြုသင့်ကြောင်း ဒီလိုဆုံးဖြတ်တယ်လို့ ကျွန်တော် သဘောပေါက်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒါဆက်လက်ဆွေးနွေးဖို့တော့ ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော်တို့လည်း ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဖို့ မသင့်တဲ့အကြောင်း ကျွန်တော်တင်ပြတာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဆက်လက်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးစရာ မလိုဘဲနဲ့ ဒီအဆိုရဲ့ အဓိကလိုလားချက်၊ ရည်ရွယ်ချက်ကို ပြည့်အောင် တစ်ခါတည်းပဲ လွှတ်တော်က ဆုံးဖြတ်ချင်ပါတယ်။ မလိုအပ်ဘဲနဲ့ အချိန်တွေလည်း မပေးချင်ပါဘူး။ မလိုအပ်ဘဲနဲ့လည်း မဲခွဲဆုံးဖြတ်တာလည်း မလုပ်ချင်ပါဘူး။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌကပဲ ဒုတိယရှေ့နေချုပ်ကို မေးပါမယ်။ ဆွေးနွေးသွားတဲ့နေရာတွေမှာလည်း ပြီးခဲ့တဲ့လွှတ်တော် အစည်းအဝေးတုန်းက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဒီအဆိုနဲ့ အဓိပ္ပာယ်ဆင်တူသောအဆိုတစ်ခုတင်သွင်းမယ်။ အဲဒီနေရာမှာ ဒီဥပဒေကို ရုပ်သိမ်းဖို့ဆိုတဲ့အစား ပြင်ဆင်ဖို့ လွှတ်တော်က လက်ခံတယ်။ အဲဒီဘက်ဆောင်ရွက်နေတယ်ဆိုတဲ့ အချက်တစ်ချက်ပါပါတယ်။ အဲဒီနည်းတူပဲ ဆွေးနွေးသွားတဲ့နေရာမှာ ဒီတည်ဆဲဥပဒေတွေဟာ ပြန်လည်သုံးသပ်ပြီး အပ်နှင်းထားသော အာဏာများကို အလွဲသုံးစား ဆောင်ရွက်ခဲ့သူများအား အရေးယူနိုင်ရန်ဆိုတဲ့နေရာမှာ လိုလားချက် ၂ ခုဖြစ်နေပါတယ်။ တစ်ခုကတော့ တည်ဆဲဥပဒေကို ပြန်လည်သုံးသပ်ပြီး ဒါလိုလားချက်တစ်ခု လိုလားချက်ကဘာလဲ။ ဒီဥပဒေကိုပြန်လည်သုံးသပ်ပြီး

ခေတ်စနစ်နဲ့လျော်ညီတဲ့ ဥပဒေတစ်ခုဖြစ်အောင် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်း ပြုလုပ်ဖို့ ကိစ္စ တစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုကျတဲ့အခါကျတော့ အလွဲသုံးစားဆောင်ရွက်နေသူများ အရေးယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က ရှင်းလင်းပြတ်သားမှုရှိပြီး ပြည်သူလူထုအား အကာ အကွယ်ပေးမည့် အထူးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန်လို့ ဒီလိုအချက်တစ်ချက် ပါပါတယ်။ ဒီနေရာမှာ အထူးဥပဒေပြုမှုရယ်၊ ပြီးတဲ့အခါမှာ အလွဲသုံးစားဆောင်ရွက်ခဲ့သူများအား အရေးယူနိုင်ရန်ဆိုတဲ့ ကိစ္စတစ်ခုကလည်းပါနေပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှင်းလင်းတဲ့နေရာမှာ ပြီးခဲ့တဲ့ ကိစ္စကို နောက်ကြောင်းပြန်အရေးယူခြင်းမရှိစေရဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အနှစ်သာရလည်း ပြောသွားသလို ဦးသိန်းညွန့်ကြတော့လည်း ဒီလိုကိစ္စနဲ့ပတ်သက်လို့ အရေးယူဆောင်ရွက်လို့ ရတယ်ဆိုတဲ့အပိုင်းဖြစ်ပေါ်နေပါတယ်။ မိမိအနေနဲ့ လွှတ်တော်ကတစ်ဆင့် ရှေ့နေချုပ်ကို မေးချင်တာ က ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ ပြဋ္ဌာန်းဖို့အတွက်လည်း သက်ဆိုင်ရာက ဆောင်ရွက်နေပြီ။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ဒီလို ဆောင်ရွက်နေတယ်ဆိုလို့ရှိရင် ရှေ့နေချုပ်ရုံး ဘက်က ဆောင်ရွက်နေတယ်ဆိုလို့ရှိရင် ဦးသိန်းညွန့်ဘက်ကလည်း ဒါကို မှတ်တမ်းတင်ထားရှိပြီးတော့ လွှတ်တော်က စောင့်ကြည့်ပါဆိုတဲ့ဟာက ဒီနေ့အတွက် လွှတ်တော်က အဆုံးအဖြတ်ပေးရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှေ့နေချုပ်တို့၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အစိတ်ပိုင်းတစ်ခုဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့က နိုင်ငံသားများရဲ့ တရားဝင်ရပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနဲ့စပ်လျဉ်း၍ ထိခိုက်နစ်နာနေသော ပြည်သူများ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး ဒီဥပဒေကို ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ အစားထိုးဖို့ ဆောင်ရွက်နေတယ်ဆိုရင် ဦးသိန်းညွန့်က သဘောတူပါတယ်။ လက်ခံမှတ်တမ်းတင်ပေးထားဖို့ ပြောပါတယ်။ ဒါကြောင့်မို့လို့ ရှေ့နေချုပ်ရုံးနဲ့ ပြည်ထဲရေးဝန်ကြီးဌာနက ဒီဥပဒေကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဖို့ ပြဋ္ဌာန်းဖို့၊ ပယ်ဖျက်ဖို့ ဆောင်ရွက်နေပါပြီလား။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့ ပြင်ဆင်ဖို့ ဆောင်ရွက်နေပါတယ်။ နောက် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ကြောင်းပြန်ကိစ္စလေး ဟာ မရှင်းမှာစိုးလို့ပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတာလည်း မှန်ပါတယ်။ ကျွန်တော် တင်ပြ ချက်ကလည်း မမှားပါဘူး။ ကျွန်တော်တင်ပြတာက ခုနက ဥပဒေအသစ်တစ်ခုပြဋ္ဌာန်းရင် ယခင်က ကိစ္စကို ပြန်ပြီးတော့ အရေးယူဖို့အတွက် မပြဋ္ဌာန်းနိုင်ကြောင်းကို ကျွန်တော်တင်ပြတာပါ။ လွှတ်တော်

ကိုယ်စားလှယ်ကြီးတင်ပြတာ ရှိရင်းစွဲဥပဒေများနဲ့ အရေးယူနိုင်ကြောင်းတင်ပြတာပါ။ ကျွန်တော်လည်း ရှိရင်းစွဲဥပဒေများနဲ့ အရေးယူနိုင်ကြောင်း ကျွန်တော် မငြင်းပါဘူး။ ကျွန်တော့်အနေနဲ့က ဥပဒေအသစ်ကြီးထပ်ပြီးတော့ ပြဋ္ဌာန်းစရာမလိုတဲ့အကြောင်း ကို ဒါနောက်ကြောင်းပြန်ပြီးတော့ ယခင်ကိစ္စတွေကို ပြန်ပြီးတော့အရေးယူနိုင်ဖို့အတွက် ပြဋ္ဌာန်းရန်မသင့်ကြောင်း ကျွန်တော်တင်ပြရခြင်းဖြစ်ပါတယ်။ ယခု နိုင်ငံသားများရဲ့မူလအခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေနဲ့ပတ်သက်ပြီး ကျွန်တော်ပြင်ဆင်ဖို့ဆောင်ရွက်နေကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် လွှတ်တော်ကို ကျွန်တော် ပြန်လည်တင်ပြပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းတဲ့ နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနဲ့ စပ်လျဉ်း၍ ထိခိုက်နစ်နာနေသော ပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် တည်ဆဲဥပဒေများကို ပြန်လည်သုံးသပ်ပြီး ဥပဒေကိုပြင်ဆင်ပယ်ဖျက်အစားထိုးခြင်းများကို ဆောင်ရွက်နေကြောင်း သိရှိရ၍ လွှတ်တော်မှ ဤအဆိုအားမှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း လွှတ်တော်ကိုတင်ပြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုတင်သွင်းထားတဲ့ အပိုဒ်နှစ်ပိုဒ်ထဲက အပ်နှင်းထားသောအာဏာကို အလွဲသုံးစားဆောင်ရွက်ခဲ့သူများအား အရေးယူနိုင်ရန်ဆိုတဲ့ဟာက လိုအပ်တဲ့အဆိုမဟုတ်ပါဘူး။ အရေးကြီးတာက နိုင်ငံနဲ့နိုင်ငံသားများရဲ့ ရရှိမယ့်အခွင့်အရေးတွေကို အပြည့်အဝဆောင်ရွက်ပေးဖို့ ရှိရင်းစွဲတည်ဆဲဥပဒေကို ပြန်လည်သုံးသပ်ပြီး လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ အစားထိုးခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို ပြုလုပ်ရေးအတွက်သာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆောင်ရွက်နေကြောင်းကို ဦးသိန်းညွန့်ကလည်း သိတယ်။ လွှတ်တော်ကိုယ်စားလှယ်များကလည်းသိတယ်ဆိုတဲ့အတွက် မှတ်တမ်းတင်ထားရှိပြီး ဆောင်ရွက်သွားဖို့အတွက် လွှတ်တော်က ပါဝင်ဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒါအဆိုနဲ့ပတ်သက်လို့ ဆက်လက်ဆွေးနွေးစရာလည်းမလိုဘဲနဲ့ အဆိုတစ်ခုရဲ့ ဆောင်ရွက်ရမယ့်ကိစ္စများ အားလုံး ပြီးဆုံးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် လွှတ်တော်ကိုပဲ ကျွန်တော့် ရဲ့ သဘောထားကို မေးမြန်းတင်ပြမှာ ဖြစ်ပါတယ်။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းသွားတဲ့ နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာနေသော ပြည်သူများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါအခွင့်အရေးများ အပြည့်အဝရရှိနိုင်ရန် တည်ဆဲဥပဒေများကို ပြန်လည်

သုံးသပ်ပြီး ဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်းကို ဆောင်ရွက်နေကြောင်း သိရ၍ လွှတ်တော်မှ မှတ်တမ်းတင်ထားရှိရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုကို လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိ၍ လွှတ်တော်မှ စောင့်ကြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းကို စက်မှုဝန်ကြီးဌာနက တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ စက်မှုဝန်ကြီးဌာနက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနအား တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိန်းအောင် ဖြစ်ပါတယ်။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။ အန္တရာယ်မကင်းသော ဓာတုပစ္စည်းများ ကိုင်တွယ်အသုံးပြုတဲ့အခါမှာ သတိထားသင့်သော အချက်အလက်များကို တစ်ကမ္ဘာလုံးတစ်ပြေးညီဖော်ဆောင်သည့် Golobally Hormonized System စနစ်ကို လူအများ၏ ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် နိုင်ငံတိုင်းကနေပြီးတော့ အကောင်အထည်ဖော်ဖို့ ကမ္ဘာ့ကုလသမဂ္ဂကနေပြီးတော့ စတင်သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးကနေပြီးတော့လည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြပါတယ်။ အလားတူ မြန်မာနိုင်ငံအနေနဲ့လည်း ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ဘေးအန္တရာယ်ကာကွယ်နိုင်ရန်အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်တဲ့အတွက်ကြောင့် ဓာတုပစ္စည်းနှင့်ဆေးဝါးများ အန္တရာယ်ကာကွယ်ရေးဥပဒေမူကြမ်း ရေးဆွဲရေးအတွက်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့

ပါတယ်။ ဥပဒေ မူကြမ်းရေးသားပြုစုရေးအဖွဲ့မှာ စက်မှုဝန်ကြီးဌာနမှ ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ပူးပေါင်းပါဝင်ပြီးတော့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါအဖွဲ့ဟာ ဓာတုဗေဒနှင့် ဆေးဝါးများ အန္တရာယ်ကာကွယ်ရေးအတွက် နိုင်ငံတကာနှင့် တစ်ပြေးညီကျင့်သုံးနိုင်ရေး၊ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ အများပြည်သူများ၏ အသက်နှင့်ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေးအတွက် ဤဥပဒေမူကြမ်းကို ပြုစုတင်ပြရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဤဥပဒေကြမ်းမှာ အခန်း ၁၅ ခန်းနှင့် ပုဒ်မ ၄၉ ခု ရေးဆွဲထားပါတယ်။ အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် ဖြစ်ပါတယ်။ ပုဒ်မ ၁ အနေနဲ့ ဒီဥပဒေဟာ ဓါတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။ ပုဒ်မ ၂ အနေနဲ့ကတော့ ဥပဒေနှင့်ပါတဲ့စကားရပ်များကို ဖော်ညွှန်းခြင်းဖြစ်ပါတယ်။ ဒါက ဓာတုပစ္စည်းနှင့်ပတ်သက်ပြီးတော့ Definition ဖြစ်ပါတယ်။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းဆိုင်ရာလုပ်ငန်း ဝန်ကြီးဌာနဆိုတာကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စက်မှုဝန်ကြီးဌာနကို ဆိုလိုပါတယ်။ ဗဟိုဦးစီးအဖွဲ့၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၊ ကြီးကြပ်ရေးအဖွဲ့၊ စစ်ဆေးရေးအဖွဲ့မှတ်ပုံတင်လက်မှတ်၊ လိုင်စင်၊ အမျိုးသားဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်း၊ အမျိုးအစားခွဲခြားခြင်း၊ သိုလှောင်ရုံ၊ အန္တရာယ်သတိပေးအမှတ်အသားကပ်ခြင်း၊ မူလဓာတ်ခွဲခန်း၊ အယူခံဓာတ်ခွဲခန်းဆိုပြီးတော့ အခန်း(၁)မှာ ဖော်ပြပါရှိပါတယ်ခင်ဗျား။

အခန်း (၂) အနေနဲ့ကတော့ ရည်ရွယ်ချက်များ ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကိုတော့ ရည်ရွယ်ချက် ၄ ရပ်နှင့် တင်ပြထားပါတယ်။ (က) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများ ဘေးအန္တရာယ်ဖြစ်စေခြင်းမှ အကာအကွယ်ပေးရန်နှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များ၏ ထိခိုက်ပျက်စီးခြင်းမှကာကွယ်ရန်၊ (ခ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျကြီးကြပ်ကွပ်ကဲရန်၊ (ဂ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကို စနစ်တကျသုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ရယူသော စနစ်ကို ဆောင်ရွက်ရန်၊ (ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်ဆိုတဲ့ ရည်ရွယ်ချက် ၄ ရပ်နှင့် ဥပဒေမူကြမ်းကို ရေးဆွဲတင်ပြခြင်း ဖြစ်ပါတယ်။

အခန်း(၃) အနေနဲ့ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်းဖြစ်ပါတယ်။ ဒီဗဟိုအဖွဲ့မှာတော့ ဥက္ကဋ္ဌအနေနဲ့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပါမယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အဖွဲ့ဝင်အနေနဲ့ ဆောင်ရွက်ပါမယ်။ မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများစသည်ဖြင့် ဒီလိုအဖွဲ့အစည်းနှင့်အတူ ဓာတုဗေဒနှင့်ပတ်သက်ပြီးတော့ ကျွမ်းကျင်တဲ့ပညာရှင်များပါ တွဲဖက်ပြီးတော့ ဒီအဖွဲ့ကို ဦးစီးအနေနဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အခန်း(၄) အနေနဲ့ ဗဟိုဦးစီးအဖွဲ့ရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ရေးသားဖော်ပြထားပါတယ်။ အခန်း(၅)ကတော့ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၉ များမှာ ဖော်ပြထားပါတယ်။ အခန်း(၆) အနေနဲ့ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့ရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုတော့ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ အနေနဲ့ ဆက်လက်ဖော်ပြထားပါတယ်။ အခန်း (၇) အနေနဲ့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ဆိုတာကိုတော့ ပုဒ်မ ၁၃၊ ၁၄၊ ၁၅၊ ၁၆ တို့ဖြင့် ရှင်းလင်း ဖော်ပြထားပါတယ်။ အလားတူပဲ အခန်း(၈) မှတ်ပုံတင်လက်မှတ် ဖြစ်ပါတယ်။ ဒါလည်း ပုဒ်မ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆ နှင့် ရှင်းလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ အခန်း(၉)အနေနဲ့ကတော့ အန္တရာယ်ထိန်းချုပ်ကာကွယ်ခြင်းနှင့် အန္တရာယ်လျော့ပါးစေခြင်းများကို ရေးဆွဲပြဋ္ဌာန်းထားပါတယ်။ အခန်း(၁၀) ကတော့ လိုင်စင်ပျက်ပြယ်ခြင်းနှင့် ပြန်လည်လျှောက်ထားခြင်းကိစ္စဖြစ်ပါတယ်။ ဒါလည်း ပုဒ်မ ၂၈၊ ၂၉ နှင့်ရေးဆွဲပြဋ္ဌာန်းထားပါတယ်။ အခန်း(၁၁) ကတော့ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း။ အခန်း(၁၂)ကတော့ အယူခံခြင်း။ အခန်း(၁၃)ကတော့ တားမြစ်ချက်များ။ အခန်း(၁၄) ကတော့ ပြစ်မှုနှင့် ပြစ်ဒဏ်များ။ အခန်း(၁၅) ကတော့ အထွေထွေပိုင်းဆိုပြီးတော့ အခန်း ၁၅ ခန်းနှင့် ပုဒ်မ ၄၉ ခုနှင့် ရေးဆွဲပြီး တင်ပြထားပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းများနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်မှနေပြီးတော့ ဆောင်ရွက်နိုင်ရန်အတွက် တင်သွင်းအပ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

# ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(ခ)အရ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းလေးစားစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဓာတုပစ္စည်း နှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန်အတွက် ပေးပို့လာ ပါသည်။

၂။ ဤဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များမှာ -

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် သက်ရှိသတ္တဝါများအား ဘေးအန္တရာယ် ဖြစ်စေခြင်းမှ အကာအကွယ်ပေးရန်နှင့် သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို ထိခိုက် ပျက်စီးခြင်းမှ ကာကွယ်ရန်၊

( ခ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအား ခွင့်ပြုချက်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျကြီးကြပ်ကွပ်ကဲရန်၊

(ဂ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျသုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ရယူသောစနစ်ကို ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ဤဥပဒေကြမ်းတွင် အခန်း ၁၅ ခန်းနှင့် ပုဒ်မပေါင်း ၄၉ ခု ပါရှိပါသည်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၃၁-၁-၂၀၁၃၊ ၁-၂-၂၀၁၃ ရက်နေ့များတွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂-၂-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီများမှ ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်ပြင်ပ ပညာရှင်များ ပါဝင်ကာ ညှိနှိုင်းအစည်းအဝေးထပ်မံကျင်းပခဲ့ပြီး အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ကြပါသည်။

၄။ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဂ) တွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းဆိုသည်မှာ ဓာတုပစ္စည်းကိုဖြစ်စေ၊ ဆက်စပ်ပစ္စည်းတစ်ခုခုကိုဖြစ်စေ သိုလှောင်ခြင်း၊ နည်းပညာအရ ပြုပြင်ခြင်း၊ စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် စွန့်ပစ်ခြင်းပြုသည့် လုပ်ငန်းကို ဆိုသည်ဟူ၍ ပြင်ဆင်ပါသည်။

(၂) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဃ)တွင် ပြည်ထောင်စုအစိုးရအဖွဲ့ဟု ပြင်ဆင်ပြီး အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဆ) နှင့် အခန်း (၅) ပုဒ်မ ၈ ပုဒ်မခွဲ (ခ)တို့အား ပိုမိုပြည့်စုံစေရန်

ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟူသော စကားရပ်များအား ဖြည့်စွက်ပါသည်။

(၃) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဇ)၊ (ဈ) နှင့် (ည)တို့အား စကားရပ်ရွှေ့နောက် အထား အသို ပြင်ဆင်ပါသည်။

(၄) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဠ)၊ အခန်း (၄) ပုဒ်မ ၅ ပုဒ်မခွဲ (ဇ)၊ ပုဒ်မ ၈ ပုဒ်မခွဲ (ဃ) တို့တွင် အမျိုးသားအဆင့် ဟူသော စကားရပ်ကို ဖြည့်စွက်ပြင်ဆင်ပါသည်။

(၅) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဍ)အား သိုလှောင်ရုံဆိုသည်မှာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း မပြုမီ၊ ပြည်တွင်းတွင် သုံးစွဲနိုင်ရေးအတွက်လည်းကောင်း၊ ပြည်ပမှ တင်သွင်းသော အန္တရာယ်ရှိနိုင်သည့်ပမာဏရှိသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သိုလှောင်ရန် စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ထားသော အဆောက်အအုံ သို့မဟုတ် သိုလှောင်ကန်ကို ဆိုသည်ဟုပြင်ဆင်ပါသည်။

(၆) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဎ)တွင် များဟူသည့် စကားရပ်အား ရေးထုံးအမှန်ဖြစ်စေရန် ဖြည့်စွက်ပါသည်။

(၇) အခန်း (၂) ပုဒ်မ ၃ ပုဒ်မခွဲ (က) တွင် နှင့်စကားရပ်၊ စေခြင်းစကားရပ်များကို ဖြည့်စွက်ပြီး၊ ပုဒ်မခွဲ (ခ) တွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကိုဟု ပြင်ဆင်ပါသည်။

(၈) အခန်း (၃) ခေါင်းစဉ်အား အရေးအသား ကျစ်လျစ်မှုရှိစေရန် ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်းဟု ပြင်ဆင်ပါသည်။

(၉) အခန်း (၃) ပုဒ်မ ၄ အား ထုတ်ပြန်ပြီးသော ဥပဒေရေးထုံးနှင့်ညီညွတ်မှုရှိစေရန် ပုဒ်မခွဲ (က) နှင့် (ခ) နှစ်ပိုဒ်ခွဲ၍ ပြင်ဆင်ပါသည်။

(၁၀) အခန်း (၄) ပုဒ်မ ၅ ပုဒ်မခွဲ (ဍ)အဖြစ် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၁၁) အခန်း (၅) ပုဒ်မ ၇ ပုဒ်မခွဲ (ခ)အဖြစ် ပုဒ်မခွဲ (က) အရ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များအား အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်ဟူ၍ အသစ်ဖြည့်စွက်ပါသဖြင့် မူလပုဒ်မခွဲ (ခ) သည် (ဂ) ဖြစ်သွားပါသည်။

(၁၂) အခန်း (၅) ပုဒ်မ ၈ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ဂ)တို့တွင် များဆိုသည့် စကားရပ်ကို ဖြည့်စွက်ပါသည်။

(၁၃) အခန်း (၅) ပုဒ်မ ၈ ပုဒ်မခွဲ (င) တွင် လက်ဝယ်ထားရှိခြင်း၊ ဝယ်ယူခြင်းဆိုသည့် စကားရပ်၊ ပုဒ်မခွဲ (စ) တွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများနှင့်စပ်လျဉ်း၍ဆိုသည့် စကားရပ်၊ ပုဒ်မခွဲ (ဈ) တွင် များ၊ အဆီနှင့် သတ်မှတ်ထားသောစကားရပ်၊ ပုဒ်မခွဲ (ည) တွင် နိုင်ငံတွင်းမှဟူသော စကားရပ်များအား အသီးသီးဖြည့်စွက်ပါသည်။

(၁၄) အခန်း (၅) ပုဒ်မ ၉ တွင် လက်ဝယ်ထားရှိခြင်းနှင့်ဟူသော စကားရပ်ကို ဖြည့်စွက်၍ အရေးပေါ် ဆိုသည့်စကားရပ်အစား ထူးခြားသောဟု ပြင်ဆင်ပါသည်။

(၁၅) အခန်း (၆) ပုဒ်မ ၁၀ အား-

သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရန် စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဓာတုဗေဒ ကျွမ်းကျင်သူအနည်းဆုံးတစ်ဦးပါဝင်သော စစ်ဆေးရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် မိမိ၏ ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ကာလအတွင်း တင်ပြရမည် ဟု ပြင်ဆင်ပါသည်။

(၁၆) အခန်း (၆) ပုဒ်မ ၁၁ အား ဥပဒေရေးထုံးနှင့် ညီညွတ်စေရန်၊ စကားရပ် ရှေ့နောက် အထားအသို ညီညွတ်မှန်ကန်စေရန်အတွက် ပြင်ဆင်ပါသည်။

(၁၇) အခန်း (၆) ပုဒ်မ ၁၂ အား

(က) သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သည် နယ်စပ်ကုန်သွယ်မှုစခန်းများ၊ ဆိပ်ကမ်းများနှင့် အခြားလိုအပ်သော နေရာများတွင် စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းထားရှိနိုင်သည်။ ထိုသို့ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့များသည် ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည် ဟူ၍လည်းကောင်း

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့သည် ပြည်ပနိုင်ငံမှ တင်သွင်းလာသော အန္တရာယ်ဖြစ်စေသည့် ဓာတုပစ္စည်းများကို သတ်မှတ်ထားသော နည်းလမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်းရှိ၊ မရှိကို လိုအပ်သလို စစ်ဆေးရမည်။ ထိုသို့ စစ်ဆေးရာတွင် ထူးခြားသော အခြေအနေများရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ ချက်ချင်းတင်ပြရမည်ဟူ၍ ပြင်ဆင်ပါသည်။

(၁၈) အခန်း (၇) ပုဒ်မ ၁၃ ရှိ လုပ်ငန်းလုပ်ကိုင်ခွင့်ဆိုသည့် စကားရပ်၊ ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ)ရှိ သက်ဆိုင်ရာ လျှောက်ထားသူအား လိုင်စင်ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၁၄ ပုဒ်မခွဲ (ဂ)တို့သည် မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၁၉) အခန်း (၇) ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ)ရှိ အခမဲ့ပေးအပ်ရမည်ဆိုတဲ့ စကားရပ်အား အခမဲ့ထုတ်ပေးရမည်ဟုလည်းကောင်း၊ ပုဒ်မခွဲ (ဆ)ရှိ ခွင့်ပြုပါက စကားရပ်အစား ရရှိပါကဟုလည်းကောင်း ပြင်ဆင်ပြီး ပုဒ်မခွဲ (ဇ)တွင် မီးဘေးလုံခြုံရေးအတွက်ဟူသော စကားရပ်နှင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို စကားရပ်တို့ကို ဖြည့်စွက်ပြီး၊ ပုဒ်မခွဲ(စ) ရှိ ယင်းလုပ်ငန်းတွင် လုပ်ကိုင်ရန်ဟူသော စကားရပ်အား မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၂၀) အခန်း (၇) ပုဒ်မ ၁၇ ရှိ လျော်ကြေးပေးနိုင်ရေးအတွက်ဟူသော စကားရပ်၏ နောက်တွင် သတ်မှတ်ချက်များနှင့်အညီဟူသော စကားရပ် ဖြည့်စွက်ပါသည်။

(၂၁) အခန်း (၇) ပုဒ်မ ၁၈ ရှိ လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါကဟူသော စကားရပ်၊

ပုဒ်မ ၁၉ ရှိ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန်ဆိုသည့် စကားရပ်၊ အခန်း (၈) ပုဒ်မ ၂၀ ရှိ မှတ်ပုံတင်ပေးရန်ဆိုသည့် စကားရပ်၊ ပုဒ်မ ၂၄ ရှိ မှတ်ပုံတင်လက်မှတ် သက်တမ်း ကုန်ဆုံးပြီးနောက် မိမိလက်ဝယ်ရှိ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအတွက်ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၂၅ ရှိ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန်ဆိုသည့် စကားရပ်တို့သည် မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၂၂) အခန်း (၉) ခေါင်းစဉ်အား အန္တရာယ်ထိန်းချုပ်ကာကွယ်ခြင်းနှင့် အန္တရာယ်ကို လျှော့ပါး စေခြင်းဟု ပြင်ဆင်ပြီး၊ ပုဒ်မ ၂၇တွင် လိုင်စင်ရရှိသူဟူသော စကားရပ်နှင့် ပုဒ်မ ၂၇ ပုဒ်မခွဲ (က)တွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဟူသော စကားရပ်တို့အား ဖြည့်စွက် ခဲ့ပါသည်။

(၂၃) အခန်း (၉) ပုဒ်မ ၂၇ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ)နှင့် (ဆ) တို့အား ပေါင်းစပ်၍ ပုဒ်မခွဲ (ဃ) အဖြစ် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထား ရှိခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၄) အခန်း (၁၁) နှင့် အခန်း (၁၂) ခေါင်းစဉ်အား အခန်း (၁၁) အဖြစ် စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်းဟု ပြင်ဆင်ပါသည်။

(၂၅) အခန်း (၁၁) ပုဒ်မ ၃၀ တွင် ဖောက်ဖျက်ကြောင်း သော်လည်းကောင်း၊ စကားရပ်နှင့် လိုင်စင်ရရှိသူနှင့် မှတ်ပုံတင်ရရှိသူတို့ကဟူသော စကားရပ်တို့ကို အသီးသီးဖြည့်စွက် ပါသည်။

(၂၆) အခန်း (၁၃) ပုဒ်မ ၃၃ တွင် ဖြန့်ဖြူးခြင်းဟူသောစကားရပ်အား ဖြည့်စွက်ပြီး ပုဒ်မ ၃၇ ၊ ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့သည် မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(၂၇) အခန်း (၁၄) ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ရှိ သိမ်းယူခြင်းခံရမည်ဟူသော စကားရပ် အား သိမ်းဆည်းရမည်ဟု ပြင်ဆင်ပါသည်။

(၂၈) အခန်း (၁၅) ပုဒ်မ ၄၃ ရှိ စမ်းသပ်စစ်ဆေးခများကိုဆိုသည့် စကားရပ်အား ဓာတ်ခွဲစမ်းသပ်ခ ဟုလည်းကောင်း၊ ပုဒ်မ ၄၄ အား ရေးထုံးနှင့်ညီညွတ်စေရန်အတွက် ပုဒ်မခွဲ (က)နှင့် (ခ)အဖြစ် ပြင်ဆင်ပါသည်။

(၂၉) အခန်း (၁၅) ပုဒ်မ ၄၆ ပုဒ်မခွဲ (ခ) အား စကားရပ်ရှေ့နောက် ညီညွတ်စေရန်အတွက် ပြင်ဆင်ပါသည်။

(၃၀) မူလပုဒ်မ ၄၇ ပုဒ်မခွဲ (က) နှင့် (ခ)တို့အား ပုဒ်မ ၄၄ အဖြစ် ပြင်ဆင်ပြီး ဗဟို ကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ကိုရယူ၍ သက်ဆိုင်ရာသို့ လျှောက်ထားရမည် ဟူသော စကားရပ်အား ဖြည့်စွက်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဓာတုပစ္စည်းနှင့် ဆက်စပ် ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ နှင့်အညီ အတည်ပြုနိုင်ပါရန် လွှတ်တော်သို့ အစီရင်ခံ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများ သည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာများကို တိတိကျကျဖော်ပြ၍ ၁၅-၂-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည် စာရင်းတင်သွင်းနိုင်ကြောင်းကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၅) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ကျင်းပမည့်နေရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေးရဲ့ (၁၅) ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမကြိမ် ပြည်သူ့လွှတ်တော်

ဆင့်မပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၁၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆင့်မပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၃း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။**]**